# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၇) ရက် ၊ စနေနေ့ ၊ (24-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၂၃**

အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အရည်အသွေးပြည့်ဝသော ပြည်သူလူထုက ယုံကြည်အားထားရသည့် သူနာပြုဆရာ၊ ဆရာမကောင်းများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ မွေးထုတ်နေ**

စာမျက်နှာ - ၁၇

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၁၉

**ရေဝတီမြစ်ရေများချိန်ကာလဖြစ်သဖြင့် တောင်သမန်အင်းအတွင်း အင်းရေ နှစ်ပေခန့်ထိ မြင့်တက်လာဟုဆို**

စာမျက်နှာ - ၂




ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၂၄ ရက်
အယ်ဒီတာ့အာဘော်

# စိတ်ကောင်းထားဖို့ အရေးအကြီးဆုံး

လူ့ဘဝတွင် ပူပန်သောကဖြစ်စရာများ၊ အခက်အခဲ၊ အကျပ်အတည်းဒုက္ခများလည်း ရံဖန်ရံခါ မလွဲမသွေ ကြုံတွေ့ရတတ်သည်။ အလွန်ချစ်ခင်ရသော မိသားစုဝင် သွေးရင်းသားရင်းတစ်ဦး ကွယ်လွန်သွားခြင်း၊ ရန်သူမျိုးငါးပါးကြောင့် ပူပန်ဆင်းရဲရခြင်း၊ သေစေနိုင်သော ရောဂါဝေဒနာ တစ်ခုခုဖြစ်ပေါ်လာရခြင်း စသည့်အခြေအနေတစ်ခုခုဖြစ်ပေါ်လာရခြင်းမျိုးကိုဆိုလိုသည်။ ထိုသို့သော အခက်အခဲဆင်းရဲဒုက္ခတို့နှင့် ကြုံတွေ့ချိန်တွင် ပျော်ရွှင်မှုဆိတ်သုဉ်းပြီး စိတ်ဆင်းရဲမှုခံစားရချိန် ကြာရှည်သည်နှင့်အမျှ စိတ်ကြောင်းရင်းခံရောဂါများ ထပ်မံဖြစ်ပွားလာနိုင်သည်။

ထိုသို့သောအခြေအနေတွင် မိမိကိုယ်ကို နှိပ်စက်မည့် ပူပန်သောကစိတ်ဆင်းရဲမှုများကို မေ့ပျောက်ဖယ်ရှားနိုင်ပြီး လက်ရှိဘဝကို အရှိအတိုင်း လက်ခံနေထိုင်နိုင်ရန်အတွက် အဓိကလိုအပ်ချက်တစ်ခုမှာ စိတ်ကောင်းထားခြင်းဖြစ်သည်။ ဘဝမှာ ကြုံဆုံလာရသည့် မည်သည့်အခြေအနေမျိုးအတွက်မဆို စိတ်ကောင်းထား၍ အကောင်းမြင်စိတ်၊ အများအကျိုးပြုလိုစိတ်တို့ ထားရှိနိုင်ပါက မိမိအတွက် အကျိုးကျေးဇူးအများဆုံးရရှိပြီး တစ်ပါးသူမှာလည်း အကျိုးကျေးဇူးခံစားရမည်။ စိတ်ကောင်းနှလုံးကောင်းထားရှိပျော်ရွှင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ကို စိတ်ဝင်စားခြင်းနှင့်အတူ ဘာသာတရားအဆုံးအမကို လိုက်နာကျင့်ကြံသင့်ပါသည်။

၃၈ ဖြာ မင်္ဂလာတရားတော်တွင် ဗုဒ္ဓဘုရားရှင်က မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း (အတ္တသမ္မာပဏိဓိစ) မင်္ဂလာကို ဟောကြားတော်မူခဲ့သည်။ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်းဟူသည် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို သဒ္ဓါကြည်ညိုခြင်း၊ စိတ်ပျော့၊ စိတ်မိုက်၊ စိတ်လေလွင့်မှုများကို ချုပ်ငြိမ်းအောင်နေထိုင်ခြင်း၊ မိမိကျရာ တာဝန်ဝတ္တရားများကို အားသွန်ခွန်စိုက် ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ ကုသိုလ်ကောင်းမှုတရားများ တိုးပွားနေအောင် ပြုမူကျင့်ကြံခြင်း၊ ကျရာနေရာတွင် စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံးနေထိုင်၍ အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နေ့စဉ်နှင့်အမျှ ပြုမူလုပ်ဆောင်မိစေရန်တို့သည် မိမိကိုယ်ကို ကောင်းစွာပြုပြင်ထိန်းသိမ်းနေထိုင်ခြင်းအမှုပင်ဖြစ်ပါသည်။

မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်လာနိုင်သည်နှင့်အမျှ မိမိ၏ လောဘ၊ ဒေါသ၊ မာန ရှေ့တန်းတင်မိသည့်ရလဒ်သွင်ပြင် အပူအလောင်ဆင်းရဲများလျော့ပါးပြီး အများအကျိုး ရှေးရှုတတ်သည့် စိတ်ကောင်းရှိသူဖြစ်လာသည်မှာ မလွဲပင်။ စိတ်ကောင်းရှိခြင်းဆိုသည်မှာ စေတနာကောင်းမွေးနေရခြင်းဖြစ်ပါသည်။ မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အမှန်ကိုလိုလားခြင်းစေတနာ၊ အမှားကို မလိုလားခြင်းစေတနာ၊ အကျိုးရှိသည်ကို လိုလားခြင်းစေတနာ၊ အကျိုးမဲ့သည်ကို မလိုလားခြင်းစေတနာ စသည်ဖြင့် ထိုသို့သော စိတ်ထားစေတနာမျိုးမွေးခြင်းကို ဆိုလိုကြောင်း ဆရာဇော်ဂျီက မိန့်ဆိုဖူးပါသည်။

စိတ်ကောင်းထားခြင်း၏ အကျိုးကြောင့် မိမိနေအိမ်တွင် မိသားစုများ စည်းလုံးပျော်ရွှင်ပေမည်။ မိမိအလုပ်တွင်လည်း ကျေနပ်ပျော်ရွှင်ရပေမည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် သင့်မြတ်ပျော်ရွှင်ရပေမည်။ စိတ်ပျော်နေပါက သက်ရှည်ကျန်းမာချမ်းသာမှုများလည်း တိုးပွားလာပေမည်။ အသိပညာများ၊ အတတ်ပညာများ မည်မျှပင်ပြည့်စုံစေကာမူ စိတ်ကောင်းထား၍ အများအကျိုးသယ်ပိုးနိုင်မှသာ တန်ဖိုးရှိသောသူဖြစ်လာမည်ဖြစ်ရာ အသက်ရှင်နေထိုင်သမျှကာလပတ်လုံး စိတ်ကောင်းထားဖို့ အရေးအကြီးဆုံးဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ရေဝတီမြစ်ရေများချိန်ကာလဖြစ်သဖြင့် တောင်သမန်အင်းအတွင်း အင်းရေ နှစ်ပေခန့်ထိ မြင့်တက်လာဟုဆို



**မန္တလေး ဇွန် ၂၃**

ဧရာဝတီမြစ်ရေများချိန်ကာလဖြစ်သဖြင့် တောင်သမန်အင်းအတွင်း ဇွန်လတတိယပတ်မှစ၍ အင်းရေ နှစ်ပေခန့်ထိ မြင့်တက်လာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်ကြောင်း၊ ထိုသို့ မြစ်ရေများချိန်ကာလတွင် တောင်သမန်အင်းအတွင်း တံတားဖြူ ရေထိန်းတံတားခါးမှတစ်ဆင့် မြစ်ရေများ ဝင်ရောက်လာပြီး အင်းရေ မြင့်တက်လာကြောင်း သိရသည်။

"နှစ်စဉ် တောင်သမန်အင်းအတွင်း အင်းရေက တစ်နှစ်ကို အများဆုံး သုံးကြိမ်လောက်တော့ မြင့်တက်တယ်။ အခုပထမအကြိမ်အဖြစ် ဇွန်လ တတိယပတ်က စပြီးတော့ တောင်သမန်အင်းရေ နှစ်ပေလောက်ထိ စပြီးမြင့်တက်လာပါပြီ။ ဇွန်လအတွင်းမှာလဲ ဧရာဝတီမြစ်ရေနဲ့ ဒုဋ္ဌဝတီမြစ်ရေ ဆက်လက်ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ အခုလမကုန်ခင်မှာ အင်းရေက နှစ်ပေလောက်ထပ်ပြီးမြင့်တက်လာနိုင်ပါတယ်"ဟု တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းနှင့် တောင်သမန်တံတားသို့ ဇွန်လ ပထမပတ်က လာရောက်လည်ပတ်သည့် ပြည်တွင်း ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း ဇွန်လ တတိယပတ်တွင် တောင်သမန်အင်းနှင့် တောင်သမန်တံတားသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

တောင်သမန်အင်းအတွင်း ခရီးသွားများ နေဝင်ဆည်းဆာအလှကို ၄က်လှေများဖြင့် ကြည့်ရှုနိုင်ရန် ၄က်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၂၃**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာပြီး အရောင်းအဝယ် အေးနေခြင်းကြောင့်ဖြစ်ကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များက ပြောပြသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေတွေ၊ မြေကွက်အကျယ် မဟုတ်တာတွေ၊ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာတွေ၊ လူနေအဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့ မြေအမျိုးအစားဖြစ်နေတာတွေ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အချုံးပဲဖြစ်နေရတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း၊ ပေ (၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀) အကျယ်ရှိ မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ဂျပန်နှမ်းဖြူများ ဈေးကောင်းရရှိ

**မန္တလေး ဇွန် ၂၃**

မန္တလေး ဈေးကွက်အတွင်း ဂျပန်နှမ်းဖြူများ ဈေးကောင်းရရှိနေပြီး အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်းသို့ မုံရွာ၊ မြင်းမူ၊ ကျောက်ဆည်နယ်တို့မှ ဂျပန်နှမ်းဖြူများ ဝင်ရောက်လာကြောင်း၊ ဂျပန်နှမ်းဖြူဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်ကာလတူအချိန်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ရှိခဲ့ရာမှ ယခုနှစ် ဇွန် ၂၂ ရက်ပေါက်ဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၃၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးမြို့ကို ကျောက်ဆည်နယ်ဒေသကနေ ဂျပန်နှမ်းဖြူတွေ ဝင်ရောက်နေပါတယ်။ ဂျပန်နှမ်းဖြူဟာ ဂျပန်နှမ်းမျိုးကိုယူပြီးတော့ စိုက်ပျိုးခဲ့လို့ ဂျပန်နှမ်းဖြူလို့ခေါ်တာပါ။ ဂျပန်နှမ်းဖြူရဲ့ထူးခြားချက်က ရိုးရိုးနှမ်းဖြူနဲ့စာရင် အရောင်လဲဖြူတယ်၊ အလုံးအဖန်မှာလဲ ပိုထွားတယ်။ ဒါကြောင့် ရောင်းပန်းလှပြီးတော့ ရောင်းတမ်းဝင်နေတာပါ။ နှမ်းဖြူ၊ နှမ်းဝါ၊ နှမ်းညို၊ နှမ်းနက်၊ ရိုးရိုးနှမ်းဖြူ၊ ဂျပန်နှမ်းဖြူ စတဲ့ နှမ်းအမျိုးမျိုးရှိတဲ့အထဲမှာ ဂျပန်နှမ်းဖြူနဲ့ နှမ်းနက်(စမုန်)တွေကတော့ နှမ်းဈေးကွက်ထဲမှာ ရေပန်းအစားဆုံးသီးနှံဖြစ်တယ်။ ဂျပန်နှမ်းဖြူထွက်သမျှကို တရုတ်နိုင်ငံဈေးကွက်က ဝယ်ယူနေတာဖြစ်ပါတယ်။ ဂျပန်နှမ်းဖြူက ဇူလိုင်လထဲမှာ လှိုင်လှိုင်ထွက်ပေါ်လာတော့မှာပါ။ ဝယ်ယူမှုကလဲ များနေပါတယ်။ နောက်ပိုင်းဆိုရင် ဂျပန်နှမ်းဖြူက ဈေးတက်လာဖို့ အလားအလာတွေရှိနေပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ဂျပန်နှမ်းဖြူကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇလွန်မြို့နယ် အဖျဉ်းလယ်ဦးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဇလွန် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဖျဉ်းကျေးရွာအုပ်စု အဖျဉ်းလယ်ဦးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် အမျိုးသမီးအဖွဲ့ဝင်များပါဝင်ဖွဲ့စည်းရန်နှင့် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

အဖျဉ်းလယ်ဦးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# ရွှေကူမြို့နယ် ကျေးရွာနှစ်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရွှေကူ ဇွန် ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်၊ တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက မြို့နယ်အတွင်းရှိ တောပုန်းနှင့် တုံးပုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောပုန်းနှင့် တုံးပုံကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၁၀၀ ရှိ စက်ရေတွင်း ငါးတွင်းတူးဖော်ခြင်း၊ ၂၆၄၀ ဝပ်ဆိုလာနှင့် 2 HP Solar Pump တစ်စုံစီ တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀ ဖြင့် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၄၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးထံမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၇၁၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဝါသီးနှံ ၁၄၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝါသီးနှံဧက ၁၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံဧက ၁၇၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ ဧက ၁၄၀၀ ကျော်စိုက်ပျိုးပြီးပြီ။ ဝါသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူတွေ လွယ်ကူစွာစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ ၁၅၆၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ ၁၅၃၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ် သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် ပေါက်တောကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပေါက်တောကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းရန် ဆွေးနွေးမှာကြားသည်။

ပေါက်တောကျေးရွာ၌ လမ်းအရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၁၂၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပဲခူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**သန္တာ**

# လားရှိုးမြို့နယ် စယ်အင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**လားရှိုး ဇွန် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စယ်အင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုးပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းစဉ်များကို Manual Cash - based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် True Money Myanmar မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက True Money Wallet ဖြင့် Digital နည်းပညာကို အသုံးပြု၍ Mobile Phone မှ တစ်ဆင့် စယ်အင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ( ၄၉)

ကြည်လွင်မြင့် (မုဒြာ)



**မန်ကျည်း**

အင်္ဂလိပ်အမည် - Tamarind
မျိုးရင်း - Caesalpiniaceae (စိန်ပန်းမျိုးရင်း)
ရုက္ခဗေဒအမည် - Tamarindus Indica Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ဝမ်းပျော့ဆေး၊ ယားနာ၊ ဆီးပူနာ၊ မျက်စိနာ၊ ချွေးထွက်လွန်ခြင်း၊ ချွေးနံ့မကောင်းခြင်း၊ ခံတွင်းမမြိန်ခြင်း၊ ဝမ်းဗိုက်နာ၊ လေချဉ်တက်ခြင်း၊ အန်ခြင်း၊ ကိုယ်သားကိုယ်ရေပူခြင်းတို့အတွက် ဆေးဖက်ဝင်သည်။

**ပေါက်ရောက်သည့်ဒေသ**

အပူပိုင်းဒေသတွင် ပေါက်ရောက်သည်။ သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

ပဥ္စငါးပါး အခေါက်၊ အရွက်၊ အသီး၊ အစေ့၊ အပွင့်။

❖ မန်ကျည်းသည် ပူ၏။ ချဉ်၏။ သည်းခြေကို ဖြစ်စေတတ်၏။ သလိပ်ကို ပွားစေတတ်၏။ လေကိုနိုင်၏။ အရွက်သည် ရောင်တင်းခြင်း၊ သွေးဖောက်ပြန်ခြင်း၊ နားရောဂါ၊ မျက်စိရောဂါ၊ မြွေဆိပ်သင့်ခြင်းတို့ကို နိုင်၏။ အသီးစိမ်းသည် ချဉ်၏။ သည်းခြေနှင့် သလိပ်ကို ဖြစ်စေတတ်၏။ အသီးမှည့်သည် ချို၏။ ဝမ်းမီးကို တောက်စေတတ်၏။ ❖

**အပင်ပုံသဏ္ဌာန်**

အပင်။ ။အမြဲစိမ်းသစ်မာပင်ကြီးမျိုးဖြစ်သည်။ အခေါက်များ ညိုမည်းသောအရောင်ရှိ၍ အခေါက်ထူပြီး ကြမ်းသည်။ အကိုင်းများစွာဖြာထွက်သည်။ အကိုင်းများမကျိုးလွယ်ဘဲ မာကျောသည်။

အရွက်။ ။ ငှက်မွေးရွက်ပေါင်းဖြစ်သည်။ ရွက်လွဲထွက်သည်။ ရွက်မြွှာများသေးငယ်၍ နူးညံ့ပြီး မျက်နှာချင်းဆိုင်ထွက်သည်။ ရှည်မျောမျောပုံသဏ္ဌာန်ရှိသည်။

အပွင့်။ ။ အပွင့်သေးငယ်သည်။ အဝါရောင်ပေါ်တွင် အနီစင်းများရှိသည်။ တစ်ခိုင်လျှင် အပွင့် ၁၀ ပွင့်၊ ၁၅ ပွင့် ပါရှိသည်။ တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် ပွင့်သည်။

အသီး။ ။ သီးတောင့်ရှည်မျိုးဖြစ်သည်။ စိမ်းညိုရောင်ရှိသည်။ တစ်ခန်းတွင် တစ်စေ့ပါသည်။ အစေ့သည် အညိုရင့်ရောင်ရှိပြီး တောက်ပ မာကျောသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်းလတို့တွင် အသီးရင့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ မန်ကျည်းသည် ပူ၏။ ချဉ်၏။ သည်းခြေကို ဖြစ်စေတတ်၏။ သလိပ်ကို ပွားစေတတ်၏။လေကိုနိုင်၏။ အရွက်သည် ရောင်တင်းခြင်း၊ သွေးဖောက်ပြန်ခြင်း၊ နားရောဂါ၊ မျက်စိရောဂါ၊ မြွေဆိပ်သင့်ခြင်းတို့ကိုနိုင်၏။ အသီးစိမ်းသည် ချဉ်၏။ သည်းခြေနှင့် သလိပ်ကို ဖြစ်စေတတ်၏။ အသီးမှည့်သည် ချို၏။ ဝမ်းမီးကိုတောက်စေတတ်၏။ ဝမ်းမှန်၊ ဝမ်းသက်စေ၍ လေနှင့်သလိပ်ကို နိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဝမ်းဗိုက်အတွင်းဖြစ်သော လေလုံး၊ သွေးလုံးရောဂါများဖြစ်လျှင် မန်ကျည်းပဥ္စငါးပါးကို ပြာချ။ ထိုပြာကို တစ်ညသိပ်ရေစိမ်ထားပြီး ဆားချက်ပါ။ ထိုဆားကို နံနက်၊ ည နှစ်ပဲသား ကော်ဖီဇွန်းသေးတစ်ဇွန်းခန့်သောက်ပေးပါက လေလုံး၊ သွေးလုံးများ ပျောက်ကင်းနိုင်သည်။

၂။ အစာမကြေ လေချဉ်တက်ရောဂါဖြစ်လျှင် မန်ကျည်းခေါက်ကိုပြာချပြီး ထိုပြာကိုရေစိမ်ကာ အပေါ်ရည်ကြည်ကို သောက်သုံးပေးပါက ပျောက်ကင်းစေနိုင်သည်။

၃။ ဝမ်းဗိုက်အတွင်းမှ အစာမကြေဘဲ တင်းပြီးအောင့်လျှင် မန်ကျည်းခေါက်ပြာကို ပျားရည်နှင့်ရောပြီး လျက်ပေးပါက ပျောက်ကင်းစေသည်။

၄။ မျက်စိနာရောဂါဖြစ်လျှင်၊ မျက်သားယားလျှင် မန်ကျည်းခေါက်ကို ဆားအနည်းငယ်နှင့်ရောသွေးပြီး မျက်စိကွင်းပေးပါက ပျောက်ကင်းစေနိုင်သည်။

၅။ နားအူ၊ နားကိုက်ရောဂါဖြစ်လျှင် မန်ကျည်းရွက်ကို နှမ်းဆီနှင့်ရောချက်၍ နားကျပ်ပေးခြင်း၊ နားတွင်းသို့ အနည်းငယ်ထည့်ပေးခြင်းပြုလုပ်ပါက ပျောက်ကင်းစေနိုင်သည်။

၆။ ဆီးပူ၊ ဆီးအောင့်ဖြစ်လျှင် မန်ကျည်းရွက်အရင့်များကို ကြိတ်ခြေပြီး ရသောအရည်ကို ဆားအနည်းငယ်ခတ်၍ သောက်သုံးပေးပါက ပျောက်ကင်းစေနိုင်သည်။

၇။ အပူလွန်၍ မိတ်ထွက်ပြီး ယားယံခြင်းဖြစ်ပါက မန်ကျည်းရွက်ကို အရည်ညှစ်၍ ယားယံသောမိတ်ဖုများပေါ်တွင် ပွတ်လိမ်းပေးပါက ပျောက်ကင်းစေနိုင်သည်။

၈။ ဝမ်းချုပ်လျှင် မန်ကျည်းသီးမှည့်အနှစ်ကို ထန်းလျက်နှင့်စိမ်ပြီး ဆားလျော့အနည်းငယ်ခတ်သောက်ပါက ဝမ်းပျော့ပျော့သွားစေနိုင်သည်။

၉။ မီးယပ်ဖြူဆင်းလျှင် မန်ကျည်းစေ့ကို လှော်ပြီး အမှုန့်ကြိတ်၍ နွားနို့နှင့် ရောသောက်ပါက ပျောက်ကင်းစေနိုင်သည်။

၁၀။ ဝမ်းကိုက်လျှင်၊ သွေးဝမ်းကိုက်လျှင် မန်ကျည်းစေ့အဆန်ကို သွေးသောက်ပါက ပျောက်ကင်းစေနိုင်သည်။

၁၁။ ကင်းကိုက်ခံရလျှင် မန်ကျည်းစေ့ကို သွေး၍ ကင်းကိုက်သောနေရာတွင် လိမ်းပေးပါက အဆိပ်ပြေစေနိုင်သည်။

**မြင်းခွာပင်**

အင်္ဂလိပ်အမည် - Indian Pennywort
မျိုးရင်း - Umbelliferae (နံနံမျိုးရင်း)
ရုက္ခဗေဒအမည် - Hydrocotyle Asiatica Linn;

**အဓိကဆေးဖက်ဝင်ပုံ**

အားတိုးဆေး၊ မျက်စိရောဂါပျောက်ဆေး၊ ဆီးပူခြင်း၊ လေပူထခြင်း၊ သွေးဝမ်းသွားခြင်း၊ ချောင်းဆိုးခြင်း၊ ကလေးအဆုတ်နာရောဂါ၊ အအေးမိရောဂါ၊ အနာပေါက်ရောဂါတို့အတွက် ဆေးဖက်ဝင်သည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်လည်းကောင်း၊ စိုက်ပျိုး၍လည်းကောင်း ဖြစ်ထွန်းပေါက်ရောက်သည်။ အအေးပိုင်းဒေသများတွင် ပို၍ဖြစ်ထွန်းသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

ပဥ္စငါးပါး အသီး၊ အပွင့်၊ အရွက်၊ အမြစ်၊ ပင်စည်။

❖ မြင်းခွာရွက်သည် အရသာခါးသက်သက်ရှိ၏။ စပ်ရှားရှားရှိ၏။ ချို၏။ ထက်မြက်၏။ သလိပ်ကို ပယ်တတ်၏။ အရေပြားရောဂါ၊ ယားနာအဖုအပိမ့်များ၊ အနာပေါက်ရောဂါ၊ နူနာရောဂါတို့ကို ပျောက်ကင်းစေတတ်၏။ သုခုမ ခေါ် နူးညံ့သောဂုဏ်လည်းရှိ၏။ အပြစ်ပြုခြင်းနည်း၏။ ❖



**အပင်ပုံသဏ္ဌာန်**

အပင်။ ။ အမြဲစိမ်းပင်ငယ်မျိုးဖြစ်ပြီး မြေတွင် တွားသွား၍ပေါက်ရောက်သည်။ ပင်စည်အလွန်သေးသွယ်၍ အဆစ်မှ အမြစ်များထွက်သည်။

အရွက်။ ။ မြင်းခွာပုံသဏ္ဌာန်ရှိသည်။ အဆစ်တစ်ဆစ်တွင် နှစ်ရွက်မှ ခြောက်ရွက်ထိ ထွက်သည်။ ရွက်ညှာရှည်၍စိမ်းဝါရောင်ဖြစ်သည်။ ရွက်ညှာထိပ်မှ ရွက်ကြောများဖြာထွက်သည်။ ရွက်နားပတ်လည်သေးငယ်သော အဝိုက်ကလေးများရှိသည်။

အပွင့်။ ။ အဖြူရောင်အပွင့်ကလေးများပွင့်သည်။ ပန်းခိုင်ရှည်၍ တစ်ခိုင်တွင် ပွင့်ညာမဲ့အပွင့်ကလေးသုံးပွင့် ပွင့်၏။

အသီး။ ။ အသီးအလွန်သေးငယ်၍ နှစ်လုံးမှ ခုနစ်လုံးထိ ရှိတတ်သည်။ အဖြူရောင်သို့မဟုတ် အစိမ်းရောင်ဖြစ်သည်။ အလျားလိုက်အမြောင်း ကိုးခုပါရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ မြင်းခွာရွက်သည် အရသာခါးသက်သက်ရှိ၏။ စပ်ရှားရှားရှိ၏။ ချို၏။ ထက်မြက်၏။ သလိပ်ကို ပယ်တတ်၏။ အရေပြားရောဂါ၊ ယားနာအဖုအပိမ့်များ၊ အနာပေါက်ရောဂါ၊ နူနာရောဂါတို့ကို ပျောက်ကင်းစေတတ်၏။ သုခုမခေါ် နူးညံ့သောဂုဏ်လည်းရှိ၏။ အပြစ်ပြုခြင်းနည်း၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ကလေးများ ချောင်းဆိုးရောဂါဖြစ်လျှင်၊ အဆုတ်ကြောင့် ချောင်းဆိုးဖျားနာဖြစ်လျှင် မြင်းခွာရွက်ကို အရည်ညှစ်၍ ရင်ဘတ်ပေါ်တွင် လိမ်းကျံပေးပါ။

၂။ ကလေးငယ်များအအေးမိခြင်း၊ လေပွန်လည်ချောင်းပူခြင်း၊ ချွဲသလိပ်ထခြင်းများဖြစ်ပါက မြင်းခွာရွက်ကိုအရည်ညှစ်၍ ဆားလှော်အနည်းငယ်ထည့် တိုက်ကျွေးပါက ပျောက်ကင်းစေနိုင်သည်။

၃။ အရေပြားရောဂါ၊ ယားနာရောဂါဖြစ်သူများသည် မြင်းခွာရွက်ကို အရည်ညှစ်၍ လိမ်းကျံပေးခြင်း၊ မြင်းခွာရွက်ကို နေ့စဉ်စားသောက်ခြင်းဖြင့် ရောဂါများပျောက်ကင်းစေနိုင်သည်။

၄။ ခန္ဓာကိုယ်ပေါ်တွင် ထိခိုက်ရှနာဖြစ်ရာမှ အရေပြားရောင်ရမ်းနာကျင်လျှင် မြင်းခွာရွက်ကို ကြိတ်၍အုံပေးခြင်း၊ အရည်ကို လိမ်းကျံပေးခြင်းဖြင့် ရောင်ရမ်းနာများ သက်သာစေနိုင်သည်။

၅။ ဆီးရောဂါနှင့် မျက်စိရောဂါရှိသူများသည် အတွင်းစားဆေးအနေဖြင့် မြင်းခွာရွက်ကို အရိပ်တွင်နေလှန်းပြီး ခြောက်သွေ့အောင်ပြုလုပ်ပါ။ ထိုမြင်းခွာရွက်ခြောက်ကို အမှုန့်ပြုလုပ်ပြီး ပျားရည်နှင့်ရောတေစားပါ။ သို့မဟုတ် အလုံးကလေးများပြုလုပ်၍ နေလှန်းထားပါ။ နေ့စဉ်စားသုံးပေးခြင်းဖြင့် ဆီးကောင်းစွာသွားခြင်း၊ မျက်စိကြည်ခြင်း၊ မျက်စိတိမ်ရောဂါမှ ကာကွယ်စေနိုင်သည်။

၆။ အဆုတ်ရောဂါ၊ ချောင်းခြောက်ဆိုးရောဂါ၊ အသက်ရှူမဝရောဂါ ဖြစ်သူများသည် မြင်းခွာရွက်အခြောက်မှုန့်နှင့် ချင်းခြောက်အမှုန့် ဆတူရောစပ်ပြီး နေ့စဉ် လေးပဲသား (ဟင်းစားဇွန်းတစ်ဇွန်း) သောက်သုံးပေးပါက ရောဂါပျောက်ကင်းစေနိုင်သည်။

၇။ သွေးတိုးရောဂါရှိသူများသည် မြင်းခွာရွက်ကို သံပရာရည်နှင့်ရော၍ ဖျော်ရည်လုပ်သောက်ပါက သွေးပေါင်တက်ခြင်းမှ ထိန်းညှိပေးနိုင်သည်။

၈။ မျက်စိနာခြင်း၊ မျက်စိကျိန်းခြင်း၊ မျက်စိမျက်လုံးအိမ်အတွင်းမှ ပူခြင်း၊ အောင့်ခြင်းဖြစ်ပါက မြင်းခွာရွက်ကိုကြိတ်၍ အဝတ်ပါးဖြင့်ထုပ်ပြီး မျက်စိပေါ်တွင် တင်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၉။ မြင်းခွာရွက်ကို အားဆေးအဖြစ် ပျားရည်၊ တင်လဲ၊ သကြား၊ ကျောက်သွေး၊ ကြံ့သွေး၊ ငှက်သိုက် စသည်တို့နှင့်ရောစပ်၍ ဆေးဖော်စားပါက အကောင်းဆုံးခွန်အားတိုးဆေးဖြစ်သည်။

၁၀။ လိပ်ခေါင်းသွေးကျရောဂါ ရှိသူများသည် မြင်းခွာရွက်ကို ဖျော်ရည်ပြုလုပ်၍ နွားနို့နှင့် နေ့စဉ်သောက်ပေးပါက ပျောက်ကင်းစေနိုင်သည်။

၁၁။ မြင်းခွာရွက်ကို ပိုးစာရွက်နှင့်ရောပြီး တိုက်ကျွေးခြင်းဖြင့် ဆီးချိုရောဂါရှိသူများကို ဆီးချိုတက်ခြင်းမှ ထိန်းပေးနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၇၃၂ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၇၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ပဲတီစိမ်း ၆၂၁၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၁၃၇၃၂ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

"မုံရွာခရိုင်မှာ ဒီနှစ် မိုးကြိုပဲတီစိမ်း ၁၈၀၃၁ ဧကနဲ့ မိုးပဲတီစိမ်း ၄၄၁၄၂ ဧက စုစုပေါင်း ၆၂၁၇၃ ဧက စိုက်ပျိုးရန်လျာထားရာ မိုးကြိုပဲတီစိမ်း ၁၁၀၂၉ ဧကနဲ့ မိုးပဲတီစိမ်း ၂၇၀၃ ဧကစုစုပေါင်း ၁၃၇၃၂ ဧက စိုက်ပျိုးပြီးပါပြီ။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပဲတီစိမ်း စိုက်ပျိုးတာနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၅၅၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၄၅ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၂၈၃၀၊ ချောင်းဦးမြို့နယ်တွင် ၁၀၃၀၅ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၈၉၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၁၃၃၄ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၁၅၀၀၀၊ ချောင်းဦးမြို့နယ်တွင် ၂၆၈၉၄ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် မိုးပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်နေကြောင်း သိရသည်။ (၂၀၆)

# မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မချမ်းဘော့ ဇွန် ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းမှုလုံကျေးရွာအုပ်စု ကောင်းမှုလုံကျေးရွာ၊ ငွါးဇာခါးကျေးရွာနှင့် နမ်ဘူယာကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် ညနေ ၃ နာရီက ကောင်းမှုလုံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ထွန်းက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးနှင့် ခေတ္တမြို့နယ်ဦးစီးမှူးဒေါ်သက်သက်ထွန်းတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာသုံးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၁၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၃၈ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၂၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

## ညီတို့ခေတ်

\- ငါ့ညီလူလှ မောင်သူရင့်
ငယ်က ဖတ်မိ သင်ခဲ့ဘိသည်
သတ္တိပြောင်ဝင်း ထိန်ထိန်လင်းသည်
မင်းရဲကျော်စွာ နော်ရထာနှင့်
ရာဇာဓိရာဇ် မင်းကျန်စစ်ဟု
မျိုးချစ်မြန်မာ ပီသစွာလျှင်
ရှေးခါတုန်းက ကျော်ခဲ့ကြသည်
ငါ့ညီအသိ ငါအသိ။

\- ငါ့ညီလူလှ မောင်သူရင့်
မြန်မာ့သွေးပြောင် ဗိုလ်မင်းရောင်နှင့်
အောင်ဆန်းဇာနည် မျိုးချစ်ပီ၏
ကိုယ့်ပြည်အတွက် ကိုယ့်အသက်ကို
ရက်ရက်မရွံ့ ကိုယ်ကျိုးစွန့်လျက်
ရဲဝံ့ထင်ပေါ် ဗိုလ်အောင်ကျော်တည့်
နှစ်သော်ထွေပြား ကာလလျားလည်း
သားမြေးမြစ်တိုင် မမေ့နိုင်ဘဲ
သည်းစိုင်ရင်တွင်း ပန်းနှယ်သင်းသည်
မင်းလဲအသိ ငါအသိ။

\- ဆိုလိုသည်မှာ တို့မြန်မာလျှင်
ရာဇဝင်ခေတ် ဟိုးရှေးခေတ်လည်း
ရှေးခေတ်အလျောက် ဂုဏ်သိန်တောက်သည်
မှတ်ကျောက်တင်နိုင် ခဲ့သည်တည်း။

\- သူ့ကျွန်အဖြစ် နှံ့မှာနှစ်လည်း
အနှစ်မခံ လွတ်မြောက်ကြံလျက်
အားမာန်ကိုမွေး ဇာတိသွေးလျှင်
လေးစားဂုဏ်ယူ လောက်သည်တည်း။

\- ငါ့ညီလူလှ မောင်သူရင့်
ဘဘွားတို့ခေတ် ထားခဲ့ရစ်သည့်
အနှစ်အမွေ တည်တံ့လေအောင်
မျိုးဆွေမပျက် ဂုဏ်သိန်တက်အောင်
ရှေ့ဆက်ဖွင့်လှစ် သမိုင်းသစ်အောင်
"မူးယစ်ထုံထိုင်း အဆိပ်မှိုင်းကြောင့်
ရိုးပြိုင်းနံပိန် လူသိမ်လူညစ်
မဖြစ်စေရာ တို့ဝန်တာ"ဟု
အခါမလပ် သတိချပ်လျက်
မြင့်မြတ်တည်ကြည် ဆန္ဒသည်လျှင်
ငါ့ညီရင်တွင်း စွဲစေမင်း။ ။

**မြင်းမူမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၁၁ ဦး ပါဝင်ယှဉ်ပြိုင်မည်



**ဟာရဲရား ဇွန် ၂၃**

ယခုနှစ်အတွင်း ကျင်းပမည့် ဇင်ဘာဘွေ သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်း ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားကြောင်း ဇင်ဘာဘွေရွေးကောက်ပွဲ ကော်မရှင်၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရေးအတွက် မှတ်ပုံတင်ကြေး (အမေရိကန်ဒေါ်လာ)မပေးဆောင်နိုင်သူ ၁၁ ဦးကို သမ္မတ အရည်အသွေး မပြည့်မီသူများအဖြစ် သတ်မှတ်ခဲ့ပြီးနောက် ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသည့် သမ္မတလောင်းအရေအတွက်ကို ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲ၌ သမ္မတလောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ရေးအတွက် မှတ်ပုံတင်ကြေးမသွင်းနိုင်သူ ၁၁ ဦးကို သမ္မတအရည်အသွေး မပြည့်မီသူများအဖြစ် သတ်မှတ်လိုက်ကြောင်း ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင်က ဇွန် ၂၂ ရက်က ကြေညာခဲ့ပြီးဖြစ်သည်။

လာမည့် ဩဂုတ်၂၃ ရက်တွင် ကျင်းပမည့် ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အမ်နမ်ဂါဂွာနှင့် ပြိုင်ဘက်သမ္မတလောင်း နယ်လ်ဆင်ချာမီဆာတို့ အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။

နယ်လ်ဆင်ချာမီဆာသည် ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ အမ်နမ်ဂါဂွာကို မဲအရေအတွက် ကျဉ်းမြောင်းသည့်ရလဒ်ဖြင့် အရေးနိမ့်ခဲ့သူဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံသည် လာမည့် ဩဂုတ် ၂၃ ရက်တွင် သမ္မတရွေးကောက်ပွဲနှင့်အတူ လွှတ်တော်ရွေးကောက်ပွဲများကိုပါ တစ်ပါးတည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

KKO

# အမေရိကန်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များကို ဝါရှင်တန်၌ ဝန်ကြီးချုပ် မိုဒီတွေ့ဆုံမည်

**ဝါရှင်တန် ဇွန် ၂၃**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ဝါရှင်တန်ခရီးစဉ် နောက်ဆုံးနေ့ဖြစ်သည့် ယနေ့တွင် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ၊ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဇွန် ၂၂ ရက်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် နှစ်နာရီခွဲကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

ဇွန် ၂၄ ရက်တွင် ဝန်ကြီးချုပ် မိုဒီသည် အမေရိကန်ဒုတိယသမ္မတ အပါအဝင် အစိုးရထိပ်တန်းတာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ထို့ပြင် ဝန်ကြီးချုပ်မိုဒီသည် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ၊ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်အစိုးရသည် တရုတ်နိုင်ငံ၏ ဩဇာ ကျယ်ပြန့်လာမှုကို တန်ပြန်ထိန်းညှိရေးအတွက် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

ဇွန် ၂၂ ရက် ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် နှစ်နိုင်ငံဆက်ဆံရေး ခေတ်သစ်ပေါ်ထွက်လာပြီ ဖြစ်ကြောင်း ကြေညာခဲ့ကြသည်။

KKO

# ယူအက်စ်အက်စ်ရော်နယ်ရေဂင် လေယာဉ်တင်သင်္ဘော ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်မည်

**ဟနွိုင်း ဇွန် ၂၃**

ယူအက်စ်အက်စ်ရော်နယ်ရေဂင်အမည်ရှိ အမေရိကန်ရေတပ် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်းဆိပ်ကမ်းသို့ ဝင်ရောက် ဆိုက်ကပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ်တင်သင်္ဘောသည် ဇွန် ၂၅ ရက်တွင် ဒါနန်းဆိပ်ကမ်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာနှင့်ပတ်သက်၍ တရုတ်နှင့်ဗီယက်နမ်တို့ကြား တင်းမာမှုများရှိနေဆဲအချိန်တွင် ဒါနန်းဆိပ်ကမ်းသို့ ဝင်ရောက်ရေးအတွက် ယူအက်စ်အက်စ်ရော်နယ်ရေဂင်က စီစဉ်ထားခြင်းဖြစ်သည်။



ယူအက်စ်အက်စ်ရော်နယ်ရေဂင် လေယာဉ်တင်သင်္ဘောသည် ဒါနန်းဆိပ်ကမ်း၌ ဇွန် ၃၀ ရက်ထိ ရှိနေမည်ဖြစ်သည်။

အဆိုပါ ယူအက်စ်အက်စ်ရော်နယ်ရေဂင် လေယာဉ်တင်သင်္ဘော၏ ဒါနန်းခရီးစဉ်သည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း အမေရိကန် လေယာဉ်တင်သင်္ဘောများ၏ တတိယမြောက် ဗီယက်နမ်ခရီးစဉ်လည်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံ၏ဒေသတွင်းဩဇာကို တုံ့ပြန်ရေးအတွက် ဗီယက်နမ်နိုင်ငံနှင့်ထားရှိသည့် တရားဝင်ဆက်ဆံရေး အဆင့်မြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

# ဟွန်ဒူးရပ်စ်အကျဉ်းထောင်အများစုကို စစ်ရဲတပ်ဖွဲ့များ ပြန်လည်ထိန်းချုပ်မည်

**တီဂူစီဂယ်ပါ ဇွန် ၂၃**

ဟွန်ဒူးရပ်စ်နိုင်ငံသည် ပြည်တွင်း အကျဉ်းထောင် အများစုအပေါ် ထိန်းချုပ်ခွင့်ကို လာမည့်နှစ်တွင် စစ်ရဲတပ်ဖွဲ့များလက်သို့ လွှဲပြောင်းပေးအပ် သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမျိုးသမီး အကျဉ်းထောင်တစ်ခု၌ ဖြစ်ပွားခဲ့သည့် ထောင်တွင်း အဓိကရုဏ်းကြောင့် အကျဉ်းသူဦးရေ ၅၀ ခန့် သေဆုံးခဲ့ပြီးနောက် အကျဉ်းထောင်များထိန်းချုပ်ခွင့်ကို စစ်ရဲတပ်ဖွဲ့များလက်သို့ လွှဲအပ်ပေးရန် ဟွန်ဒူးရပ်စ်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဟွန်ဒူးရပ်စ်အစိုးရသည် ရာဇဝတ်မှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်အရ အကျဉ်းထောင်များ ထိန်းချုပ်ခွင့်ကို လာမည့်နှစ်အတွင်း စစ်ရဲတပ်ဖွဲ့များလက်သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

ထို့ပြင် ဟွန်ဒူးရပ်စ်အစိုးရသည် ဘေးအန္တရာယ်ကြီးမားသည့် ရာဇဝတ် ဂိုဏ်းခေါင်းဆောင်များကို ထားရှိရေးအတွက် ဟွန်ဒူးရပ်စ် ကမ်းရိုးတန်းနှင့် ကီလိုမီတာ ရာနှင့်ချီကွာဝေးသည့် ကျွန်းများပေါ်၌ အကျဉ်းထောင်များ ဖွင့်လှစ်ရန်လည်း စီစဉ်ထားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံအတွင်း၌ အကျဉ်းထောင်ပေါင်း ၂၆ ခုရှိရာ ၂၁ ခုကို လာမည့်နှစ်အတွင်း စစ်ရဲတပ်ဖွဲ့များက ပြန်လည်ထိန်းချုပ်ပေးမည်ဖြစ်သည်။

ဟွန်ဒူးရပ်စ် အစိုးရသည် အကျဉ်းထောင်များထိန်းချုပ်မှုတာဝန်ကို ၂၀၂၂ ခုနှစ်က စစ်ရဲတပ်များထံမှ ရယူထားခြင်းဖြစ်ကြောင်း သိရသည်။ KKO



# ပြင်းထန်သောဖိအားတစ်ရပ်ကြောင့် တိုက်တန်ရေငုပ်ယာဉ်ကွဲကြေပျက်စီးခဲ့ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ် ပြောကြား

**နယူးယောက် ဇွန် ၂၃**

တိုက်တန်းနစ် သင်္ဘောပျက်လေ့လာရေးရေယာဉ်ခရီးစဉ်အတွင်း ပျောက်ဆုံးခဲ့သည့် တိုက်တန်အမည်ရှိ ရေငုပ်ယာဉ်သည် ပြင်းထန်သော ဖိအားတစ်ရပ်ကြောင့် ကွဲကြေပျက်စီးခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

တိုက်တန် ရေငုပ်ယာဉ်သည် ပြင်းထန်သည့် ဖိချေအားတစ်ရပ်ကြောင့် အစိတ်စိတ်အပိုင်းပိုင်းဖြစ်ခဲ့ရပြီး လိုက်ပါသွားသူအားလုံး သေဆုံးခဲ့ရကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

ကနေဒါ သင်္ဘောတစ်စီးက စေလွှတ်ထားသည့် ရေငုပ်သင်္ဘောတစ်စီးသည် တိုက်တန်ရေငုပ်ယာဉ်အပျက်အစီးများတည်ရှိနေသောနေရာကို ဇွန် ၂၂ ရက်က ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ အပျက်အစီးများသည် တိုက်တန်းနစ်သင်္ဘောဦးပိုင်းနှင့် ၄၈၈ မီတာအကွာတွင် တည်ရှိနေခြင်းဖြစ်ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိုက်တန် ရေငုပ်ယာဉ်သည် ဇွန် ၁၈ ရက်တွင် ယာဉ်မှူးတစ်ဦးခရီးသည် လေးဦးတို့နှင့်အတူ တိုက်တန်းနစ်သင်္ဘောပျက်ရှိရာသို့ ငုပ်ဆင်းခဲ့ပြီး တစ်နာရီနှင့် ၄၅ မိနစ်အကြာတွင် ရေပြင်ပေါ်ရှိ မိခင်သင်္ဘောနှင့် အဆက်သွယ်ပြတ်တောက်ခဲ့သည်။

ရေခဲမျောတုံးတစ်တုံးနှင့် ဝင်တိုက်ပြီးနောက် ၁၉၁၂ ခုနှစ်တွင် နစ်မြုပ်ခဲ့သည့် တိုက်တန်းနစ်သင်္ဘော၏ ကိုယ်ထည်ပျက်သည် မြောက်အတ္တလန်တစ်သမုဒ္ဒရာရေအောက် အနက်ပေ ၁၂၅၀၀ ခန့်၌ တည်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အားတီးမစ်-၂ မစ်ရှင် ဝန်ဆောင်မှုယာဉ်ကို ဥရောပအာကာသအေဂျင်စီက နာဆာလက်ဝယ်သို့ လွှဲပြောင်းပေးအပ်



**ဝါရှင်တန် ဇွန် ၂၃**

အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်နှင့်အတူ လိုက်ပါမည့် အာကာသယာဉ်မှူးများအတွက် စွမ်းရည်လောင်စာ တွန်းကန်အားနှင့် အသက်ကယ်စနစ်များ ဖြည့်ဆည်းပေးမည့် အားတီးမစ်-၂ မစ်ရှင် ဝန်ဆောင်မှုယာဉ်ကို ဥရောပအာကာသအေဂျင်စီက အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)လက်ဝယ်သို့ လွှဲပြောင်း ပေးအပ်လိုက်ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

ဥရောပအာကာသအေဂျင်စီသည် အားတီးမစ်-၂ မစ်ရှင် ဝန်ဆောင်မှုယာဉ် (ESM-2)ကို ၂၀၂၀ ခုနှစ် အောက်တိုဘာလကပင် အမေရိကန်နိုင်ငံ ကနေဒီအာကာသစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်သည်။

သို့ရာတွင် ESM-2 ကို စစ်ဆေးစမ်းသပ်မှုများ အထပ်ထပ်ပြုလုပ်ပြီးနောက် ယခုနှစ် ဇွန် ၁၄ ရက်ကမှ တရားဝင်လက်လွှဲပေးအပ်ခဲ့ခြင်းဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်၏ လုံခြုံရေးသည် ESM-2 ၏ စွမ်းဆောင်ရည်အပေါ် မူတည်နေကြောင်း သိရသည်။

နာဆာအဖွဲ့သည် အိုရီယွန်အာကာသ လူသယ်ယာဉ်နှင့် ESM-2 တို့ကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ပေါင်းစပ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အာကာသယာဉ်မှူးများကို လပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည့် အားတီးမစ်-၂ မစ်ရှင်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။ KKO

# HEALTH

## ယနေ့ခေတ် ရင်သားကင်ဆာလူနာများ အသက်ဆက်လက်ရှင်သန်ခွင့် မြင့်မားလာ

**လန်ဒန် ဇွန် ၂၃**

ယနေ့ခေတ် ရင်သားကင်ဆာလူနာ အမျိုးသမီးများသည် လွန်ခဲ့သော နှစ်နှစ်မှလူနာများနှင့်နှိုင်းယှဉ်ပါက အသက်ဆက်လက်ရှင်သန်ခွင့်အလားအလာ သုံးပုံနှစ်ပုံပို၍ မြင့်မားလာကြောင်း The Daily Mail သတင်းစာက ဇွန် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

၁၉၉၃ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်ကြားကာလအတွင်း ရင်သားကင်ဆာရောဂါကို ဖြစ်ခါစအဆင့်၌ စစ်ဆေးတွေ့ရှိခဲ့သူ အမျိုးသမီးများမှာ နောင်လာမည့်ငါးနှစ်အတွင်း ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ၁၄ ရာခိုင်နှုန်းထိရှိခဲ့သည်။

သို့ရာတွင် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်ကြားကာလတွင်မူ ရင်သားကင်ဆာဖြစ်ခါစအဆင့်၌ စစ်ဆေးတွေ့ရှိခဲ့ရသော လူနာများ၏ နောင်လာမည့် ငါးနှစ်အတွင်း ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေမှာ ငါးရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်များသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ရင်သားကင်ဆာရောဂါကို စစ်ဆေးဖော်ထုတ်မှုနှင့်ကုသမှုနယ်ပယ် နှစ်နေရာလုံး၌ တိုးတက်မှုများရှိခဲ့သည်ကို ပြသနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ဖြစ်ခါစအဆင့်တွင် ရောဂါစစ်ဆေးတွေ့ရှိခဲ့ရသည့် ရင်သားကင်ဆာလူနာ ၅၀၀၀၀၀ တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ရင်သားကင်ဆာရောဂါ၏ ဇီဝသဘောသဘာဝများ ပြောင်းလဲသွားခဲ့ရဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။ KKO

## နက်ပကျွန်းအငယ်စားအုပ်စုဝင် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇွန် ၂၃**

နက်ပကျွန်းအငယ်စားအုပ်စုဝင် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

ရှာဖွေတွေ့ရှိထားသည့်အဆိုပါဂြိုဟ်သစ်ကို TOI-2018b ဂြိုဟ်ဟူ၍ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

TOI-2018b ဂြိုဟ်သည်ကမ္ဘာမြေနှင့် အလင်းနှစ် ၉၁ ဒသမ ၄ နှစ်အကွာတွင် တည်ရှိသော ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိရသည်။



အဆိုပါဂြိုဟ်သည် မိခင်ကြယ်ကို တစ်ပတ်အပြည့်ပတ်မိရန် ၇ ဒသမ ၄၄ ရက် အချိန်ယူရပြီး အရွယ်အစားမှာ အချင်းဝက်အားဖြင့် ကမ္ဘာမြေအချင်းဝက်၏ ၉ ဒသမ ၂ ဆခန့်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် TOI-2018b ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်တု အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းအနီးရှိ ကြယ်ပေါင်း ၂၀၀၀၀၀ ခန့်ကို လေ့လာစောင့်ကြည့်၍ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကိုရှာဖွေနေသော ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။ KKO

## အစာခြေလမ်းကြောင်း ဗက်တီးရီးယားစုဖွဲ့မှုကိုလေ့လာ၍ အယ်ဇိုင်းမားဖြစ်နိုင်ခြေ ရှိ၊ မရှိ ခန့်မှန်းနိုင်

**နယူးယောက် ဇွန် ၂၃**

အစာခြေလမ်းကြောင်း ဗက်တီးရီးယားစုဖွဲ့မှုပုံစံ အပြောင်းအလဲများကို လေ့လာစစ်ဆေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေရှိ၊ မရှိကို ခန့်မှန်းနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားသူများ၌ ရောဂါလက္ခဏာများအပေါ် မူတည်၍ အစာခြေလမ်းကြောင်း ဗက်တီးရီးယားစုဖွဲ့မှုစနစ် မူမမှန်မှုများ ရှိလာတတ်ကြောင်း သိရသည်။

အစာခြေလမ်းကြောင်းစနစ်သည် ဦးနှောက်နှင့် အလှမ်းဝေးသော်လည်း အစာခြေလမ်းကြောင်း ဗက်တီးရီးယားစုဖွဲ့မှုပုံစံ အပြောင်းအလဲများသည် ဦးနှောက်အတွင်းရှိ Glial ခေါ် ဆဲလ်များ၏ လှုပ်ရှားမှုနှင့် ပတ်သက်နေနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကြွက်များဖြင့် လက်တွေ့ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် အစာခြေလမ်းကြောင်း ဗက်တီးရီးယားစုဖွဲ့မှုပုံစံနှင့် အယ်ဇိုင်းမားရောဂါတို့ကြား ဆက်စပ်မှုရှိကြောင်း ဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်သည်။

အယ်ဇိုင်းမားရောဂါသည် ရောဂါလက္ခဏာများမပေါ်မီ စဖြစ်စအဆင့်တွင် ၁၀ နှစ်မှ နှစ် ၂၀ ထိ ကြာမြင့်တတ်သည်။

အယ်ဇိုင်းမားရောဂါကို ဦးနှောက်အတွင်း အမိုင်လွိုက်ပရိုတင်းများ စုစည်းမှုကို ထောက်လှမ်းတွေ့ရှိချိန်မှသာ ဖော်ထုတ်တွေ့ရှိရတတ်ကြောင်း သိရသည်။ KKO



## ရုရှားအာကာသယာဉ်မှူးနှစ်ဦးက ဇွန် ၂၂ ရက်တွင် နိုင်ငံတကာအာကာသစခန်းယာဉ်ပြင်ပသို့ ထွက်ခွာ၍ မလိုအပ်သည့်ပစ္စည်းကိရိယာများကို ရှင်းလင်းဖယ်ရှားခဲ့

**မော်စကို ဇွန် ၂၃**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် ဇွန် ၂၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်ပြင်ပသို့ထွက်ခွာ၍ မလိုအပ်သည့်ပစ္စည်းကိရိယာများကို ရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ရုရှားအာကာသယာဉ်မှူးများဖြစ်ကြသည့် ဆာဂေးပရိုကိုယက်ဗ်နှင့် ဒီမီထရီပီတီလင်တို့သည် ပွိုက်စ်အမည်ရှိ ရုရှားအာကာသစခန်းပင်မကိုယ်ထည်မှတစ်ဆင့် အာကာသဟင်းလင်းပြင်အတွင်းသို့ ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ရောက်ရှိနေချိန်တွင် ရုရှားအာကာသယာဉ်မှူး နှစ်ဦးသည် အသုံးမလိုတော့သည့် ပစ္စည်းကိရိယာများကိုဖြုတ်ချ၍ အာကာသဟင်းလင်းပြင်အတွင်းသို့ တွန်းထုတ်ပေးခဲ့ကြောင်း သိရသည်။

ရုရှားအာကာသယာဉ်မှူး နှစ်ဦး နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ခြောက်နာရီထိကြာမြင့်ခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ရောက်ရှိနေစဉ် ဟင်းလင်းပြင်စူးစမ်းလေ့လာရေးစနစ် နှစ်ခုကိုလည်း တပ်ဆင်ပေးခဲ့သည်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦး၏ ဇွန် ၂၂ ရက် အာကာသအတွင်း လမ်းလျှောက်မှုသည် ယခုနှစ်အတွင်း နိုင်ငံတကာအာကာသစခန်းယာဉ်မှူးများ၏ ကိုးကြိမ်မြောက် အာကာသအတွင်း လမ်းလျှောက်မှုဖြစ်ကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# စပါးအသင်းက အမ်ပိုလီဂိုးသမား ဗီကာရီအိုကို စတာလင်ပေါင် ၁၆ ဒသမ ၄ သန်းဖြင့် ခေါ်ယူ

**ရောမ ဇွန် ၂၃**

ဂိုးသမားနေရာ လိုအပ်ချက်အတွက် ကာလရှည်ကြိုးပမ်းနေသည့် စပါးအသင်းသည် ယခုအခါ စီးရီးအေကလပ် နာပိုလီအသင်းမှ ဂိုးသမား ဗီကာရီအိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၆ ဒသမ ၄ သန်းဖြင့် ခေါ်ယူခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Guardian သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် ပထမဦးစာပေးဂိုးသမား လိုရစ်နှင့် သက်တမ်းတစ်နှစ် ကျန်ရှိနေသော်လည်း ၎င်းသည် ပြင်သစ်မီဒီယာများနှင့် တွေ့ဆုံချိန်တွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက ဂိုးသမားတစ်ဦး ခေါ်ယူရန် ကနဦးတွင် ဘရန့်ဖို့ဒ်အသင်း ဂိုးသမား ရာယာကို စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ဘရန့်ဖို့ဒ်အသင်းက ငြင်းဆိုခဲ့သဖြင့် စီးရီးအေကလပ် အမ်ပိုလီအသင်းတွင် လက်စွမ်းပြသနေသည့် ဂိုးသမား ဗီကာရီအိုကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၆ ဒသမ ၄ သန်းဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဂိုးသမား ဗီကာရီအိုသည် အမ်ပိုလီအသင်းအား ၂၀၂၁ ခုနှစ်တွင် စီးရီးဘီမှ တန်းတက်ခွင့်ရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် စီးရီးအေတွင် ကစားခဲ့သည့် ဘောလုံးရာသီနှစ်ရာသီတွင်လည်း အသင်းအတွက် လက်စွမ်းပြသနိုင်ခဲ့ပြီး ပင်နယ်တီရှစ်လုံးထိ ကာကွယ်မှု ပြုလုပ်ထားနိုင်ခဲ့သဖြင့် ၂၀၂၂ စက်တင်ဘာလမှစတင်ကာ နည်းပြမန်စီနီက အီတလီလက်ရွေးစင်အသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စပါးအသင်းနည်းပြသစ် ပိုစတီကိုဂလူသည် တောင်ပံကစားသမား ကူလူဆက်စကီးအား ဂျူဗင်တပ်အသင်းမှ အပြီးမှ ဝယ်ယူနိုင်ခဲ့သည့်အပြင် ဂိုးသမားနေရာတွင်လည်း ဗီကာရီအိုကို ခေါ်ယူနိုင်ခဲ့သောကြောင့် ၎င်းလက်ထက်တွင် ဒုတိယမြောက် ကစားသမားသစ်ခေါ်ယူမှု ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ လေဗာကူဆင်အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဗဟိုခံစစ်ကစားသမား တက်ဆိုဘာကို ခေါ်ယူရန် ထပ်မံဆွေးနွေးမှု ပြုလုပ်နေကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းပိုင်ရှင်များက ပြင်သစ်လီဂူးကလပ် စထရာဘော့အသင်း၏ အဓိက ရှယ်ယာများကို ဝယ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့ပြီး အသင်းဥက္ကဋ္ဌအဖြစ် ယခင်ဥက္ကဋ္ဌဟောင်း ကယ်လာကိုသာ ဆက်လက်ခန့်အပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။
- နယူးကာဆယ်အသင်းက အေစီမီလန်အသင်း ကွင်းလယ်ကစားသမား တိုနယ်လီကို ယူရိုသန်း ၇၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- အေဗီလာအသင်းက ကွင်းလယ်ကစားသမားမက်ဂင်းကို လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း သိရသည်။
- လိုက်ပ်ဇစ်အသင်းက ခံစစ်ကစားသမား ကာဗယ်ဟိုကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# UFC ပြိုင်ပွဲတွင် ပထမဆုံးမြန်မာလူမျိုးဖိုက်တာအဖြစ် ဂျိုရှုအာဗန် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်



**ရန်ကုန် ဇွန် ၂၃**

ချင်းတိုင်းရင်းသား ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲတွင် ပထမဆုံး မြန်မာလူမျိုးဖိုက်တာအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ် သွားမည်ဖြစ်ကြောင်း UFC Fight Night အဖွဲ့ချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

UFC Fight Night ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဂျိုရှုအာဗန်သည် ကာဇက်စတန်ဖိုက်တာ ဇာဟယ်ဂက်စ်နှင့် ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာလူမျိုး လူငယ်ဖိုက်တာ ဂျိုရှုအာဗန်သည် ဖိုက်တာကစားသမားဘဝက Fury ပြိုင်ပွဲတွင် ဝင်ရောက်ထိုးသတ်ခဲ့ပြီးနောက် ရလဒ်ကောင်းများ ဆက်တိုက်ရရှိခဲ့ပြီး ကောင်းမွန်သည့် ထိုးသတ်ပုံများကြောင့် ဖိုက်တာအဖွဲ့အစည်းနှစ်ခုဖြစ်သည့် UFC နှင့် ONE Championship တို့က ကမ်းလှမ်းခဲ့ရာမှ ဂျိုရှုအာဗန်က UFC ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

UFC က ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ဂျိုရှုအာဗန်အနေဖြင့် UFC ပွဲစဉ်များ ကစားရခြင်းမရှိသေးဘဲ လာမည့် UFC Fight Night ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ထိုးသတ်မည်ဖြစ်သည့်အတွက် UFC ပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာလူမျိုးဖိုက်တာဖြစ်လာမည်ဖြစ်သည်။

UFC Fight Night ပြိုင်ပွဲတွင် ဇာဟယ်ဂက်စ်နှင့် ထိုးသတ်မည့်ပြိုင်ဘက်သည် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည့်အတွက် ဂျိုရှုအာဗန်ကို အစားထိုးဝင်ရောက်ထိုးသတ်ရန်အတွက် UFC က သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ဂျိုရှုအာဗန်နှင့် ထိုးသတ်မည့် ဇာဟယ်ဂက်စ်သည် UFC ပြိုင်ပွဲ ခြောက်ပွဲကစားထားရာ တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး ငါးပွဲရှုံးနိမ့်ထားသူဖြစ်ကြောင်း သိရသည်။

STA

# လာမည့်ဘောလုံးရာသီ လာလီဂါပြိုင်ပွဲ၏ ပွဲစဉ်ဇယားများကို စပိန်ဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

**မက်ဒရစ် ဇွန် ၂၃**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ လာလီဂါပွဲစဉ်ဇယားများကို စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ရာ အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းကို အဝေးကွင်းတွင် ကစားရမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းနှင့် တွေ့ဆုံခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လာမည့် ဘောလုံးရာသီ လာလီဂါပွဲစဉ်များကို လာမည့် ဩဂုတ် ၁၁ ရက်မှ စတင်ကာ ၂၀၂၄ မေ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သကဲ့သို့ ပထမရာသီဝက် ခရစ္စမတ် အားလပ်ရက်ကာလကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၄ ဇန်နဝါရီ ၂ ရက်ထိ သတ်မှတ်ခဲ့ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၃ ရက်တွင် ဂီတာဖေးအသင်း အိမ်ကွင်းတွင် ကစားရမည်ဖြစ်ပြီး အယ်ကလက်စီကို ပြိုင်ဘက်ဖြစ်သည့် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ပွဲစဉ်ကို ပွဲစဉ် (၁၁) အောက်တိုဘာ ၂၉ ရက်တွင် ကစားရမည်ဖြစ်ကာ ဒုတိယအကျော့ပွဲစဉ်ကို ပွဲစဉ် (၃၂) ဖြစ်သည့် ဧပြီ ၂၁ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စပိန်စူပါဖလားပွဲစဉ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အတွင်း ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီး ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်၊ အိုဆာဆူနာနှင့် အေတီကိုအသင်းတို့ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ကိုပါဒယ်ရေးဖလားပွဲစဉ်ကို လာမည့် နိုဝင်ဘာ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်တွင် ဆီဗီလာမြို့ လာကာဂျူတာ အားကစားကွင်းတွင် ပြုလုပ်သွားမည်ဟု စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ML

# ဂျူဗင်တပ်အသင်းက လိုင်လီကစားသမား တီမိုသီကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

**ရောမ ဇွန် ၂၃**

ဂျူဗင်တပ်အသင်းသည် တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် လိုင်လီအသင်း တောင်ပံကစားသမား တီမိုသီကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် တောင်ပံတိုက်စစ်နှင့် တောင်ပံ ခံစစ်ပိုင်းတို့တွင် ပါဝင်ကစားနိုင်သည့် တီမိုသီကို အသင်းမှ ဒုက်ရာရကစားသမားများနေရာတွင် ထည့်သွင်းအသုံးပြုရန် စီစဉ်ထားပြီး အသင်းမှ ထွက်ခွာမည့် ကွာရာဒိုကဲ့သို့ ခံစစ်နှင့် တိုက်စစ်ပိုင်းတို့တွင် လိုက်ပါကစားနိုင်သည့် ကစားသမားဖြစ်သောကြောင့် ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးခဲ့ရာ လိုင်လီအသင်းနှင့် သဘောတူညီမှု ရရှိခဲ့သည်။



လက်ရှိတွင် တောင်ပံကစားသမား တီမိုသီကို ဆီဗီလာအသင်းနှင့် မာဆေးအသင်းတို့က ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း ဂျူဗင်တပ်အသင်းက လက်ဦးမှုရယူနိုင်ခဲ့ပြီး ပြောင်းရွှေ့ကြေးနှင့် ပတ်သက်၍ နောက်ဆုံးအဆင့် ဆွေးနွေးပြီးပါက တရားဝင် ထုတ်ပြန်မည်ဖြစ်သည်။

အသက် ၂၃ နှစ်ရှိ တီမိုသီသည် ၂၀၁၉ ခုနှစ်က ပီအက်စ်ဗီ အသင်းမှ လိုင်လီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၇ ပွဲတွင် သွင်းဂိုး ရှစ်ဂိုးထိသွင်းယူနိုင်ခဲ့ပြီး လိုင်လီအသင်းတွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း အမေရိကန် လက်ရွေးစင်အသင်းတွင် တိုက်စစ်ပိုင်းတွင်ပါဝင်၍ အသင်းအား ၂၀၂၂-၂၀၂၃ ကွန်ကာကပ်နေးရှင်းလိဂ်ဆုဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီပေးနိုင်ခဲ့သူဖြစ်ပြီး ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

ML

# AFC Futsal Asian Cup 2024 ပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် မြန်မာဖူဆယ်အသင်း အုပ်စု (E) တွင် ကျရောက်



**ရန်ကုန် ဇွန် ၂၄**

AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင်ခြေစစ်ပွဲအဆင့်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အုပ်စု (E) တွင် ကျရောက်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင်ခြေစစ်ပွဲအဆင့်တွင် အာရှဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပါ ခုနစ်အုပ်စုနှင့်သုံးသင်းပါတစ်အုပ်စု စုစုပေါင်းအုပ်စု ရှစ်ခုဖြင့် ကျင်းပသွားမည်ဖြစ်ကာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စု(E) တွင် တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်း၊ အိန္ဒိယအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

အခြားအုပ်စုများအဖြစ် အုပ်စု (A)တွင် ထိုင်းအသင်း၊ တာ့ခ်မင်နစ္စတန်၊ ဟောင်ကောင်နှင့် တရုတ်အသင်း၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗျ၊ အာဖဂန်နစ္စတန်နှင့် မက္ကာအိုအသင်း၊ အုပ်စု (C) တွင် အီရန်၊ လက်ဘနွန်၊ ကာဂျစ်စတန်နှင့် မော်လ်ဒိုက်အသင်း၊ အုပ်စု(D)တွင် ဗီယက်နမ်၊ တောင်ကိုရီးယား၊ နီပေါနှင့် မွန်ဂိုလီးယားအသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

အလားတူ အုပ်စု (F) တွင် ကူဝိတ်၊ ဘာရိန်း၊ တီမောလက်စ်တေနှင့် ဘရူနိုင်းအသင်း၊ အုပ်စု (G) တွင် ဥဇဘတ်ကစ္စတန်၊ အီရတ်၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်း၊ အုပ်စု (H) တွင် ဂျပန်၊ တရုတ်(တိုင်ပေ) နှင့် ဩစတြေးလျအသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင်ခြေစစ်ပွဲအဆင့်တွင် အုပ်စုပွဲစဉ်များအပြီး အုပ်စုပထမနေရာရရှိမည့် အသင်းရှစ်သင်း၊ အကောင်းဆုံးအုပ်စု ဒုတိယနေရာရရှိမည့်အသင်း ခုနစ်သင်း စုစုပေါင် အသင်း ၁၅ သင်းမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို လာမည့် အောက်တိုဘာလ ပထမရက်သတ္တပတ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# လားရှိုးမြို့၌ မုတ်သုံဦးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲ လာမည့်ဇူလိုင်လအတွင်းကျင်းပမည်

**လားရှိုး ဇွန် ၂၄**

လားရှိုး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မုတ်သုံဦးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကို လာမည့် ဇူလိုင်လအတွင်း လားရှိုးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစား နှစ်မျိုးခွဲခြားကာ ကျင်းပသွားမည်ဖြစ်ပြီး အသက် ၂၅ နှစ်အောက်အတန်းနှင့် အသက် ၂၅ နှစ်အထက်တန်းဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်ခုခွဲခြားကျင်းပသွားမည်ဖြစ်သည်။

မုတ်သုံဦး အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ်လေးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်း၊ စတုတ္ထဆု ငွေကျပ်နှစ်သိန်း၊ ပဉ္စမဆုငွေကျပ်တစ်သိန်းနှင့် ဆဋ္ဌမဆုနှင့် သတ္တမဆုကို ငွေကျပ် ငါးသောင်းစီ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် လားရှိုးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။STA

# Queen's Club Championships ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အယ်ကာရက်ဇ်တက်ရောက်

**လန်ဒန် ဇွန် ၂၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် Queen's Club Championships တင်းနစ်ပြိုင်ပွဲ ဒုတိယပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ချက်တင်းနစ်ကစားသမား လီဟက်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၂၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Euro Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Queen's Club Championshipsတင်းနစ်ပြိုင်ပွဲသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမတိုင်မီ အကြိုကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အယ်ကာရက်ဇ်က ဝင်ဘယ်ဒန်အတွက် ပြင်ဆင်မှုပြုလုပ်ရန် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေခြင်းလည်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ပုံစံကောင်းရရှိနေသလို ယှဉ်ပြိုင်ကစားရခက်ခဲသည့် လီဟက်ကာအားပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အယ်ကာရက်ဇ်က "ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရတာ ပျော်စရာကောင်းတယ်။ မြက်ကွင်းမှာကျင်းပတဲ့ပြိုင်ပွဲကနည်းတယ်။ ဒီမှာက မြက်ကွင်းဆိုတော့ ကျွန်တော့်အနေနဲ့ မြက်ကွင်းအတွေ့အကြုံလဲရမယ်။ ဝင်ဘယ်ဒန်အတွက်လဲ ပြင်ဆင်ပြီးသားဖြစ်သွားမယ်။ မြက်ကွင်းမှာကစားရတဲ့ အတွေ့အကြုံလဲရတဲ့အတွက် ဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်ကစားရတာ အပေါင်းလက္ခဏာဆောင်တဲ့ အရာတွေ အများကြီးရပါတယ်။ မြက်ကွင်းမှာ ကျင်းပတဲ့ပြိုင်ပွဲမှာ အခုလို ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့တာလဲ ဝမ်းသာစရာပါ။ ကွာတားဖိုင်နယ်အဆင့်မှာတော့ အတွေ့အကြုံရှိတဲ့ ဒီမီထရော့ဖ်နဲ့ ယှဉ်ပြိုင်ကစားသွားရမယ်။ ကျွန်တော့်အတွက် ခက်ခဲမယ့်ပွဲစဉ်တစ်ပွဲဖြစ်မှာပါ။ ကွာတားဖိုင်နယ်အဆင့်အတွက် ကျွန်တော့်မှာ ယုံကြည်မှုတွေ ရှိနေပါတယ်။ အကောင်းဆုံး ကစားနိုင်လိမ့်မယ်လို့လဲယုံကြည်ပါတယ်။ ဒုတိယအဆင့်မှာယှဉ်ပြိုင်ကစားခဲ့ရတဲ့ လီဟက်ကာဟာ ကစားသမားကောင်းတစ်ယောက်ပါ။ လီဟက်ကာလို ကစားသမားမျိုးကို အနိုင်ကစားနိုင်ခဲ့ခြင်းဟာလဲ ကွာတားဖိုင်နယ်အဆင့်အတွက် ပိုပြီးတော့ယုံကြည်မှုရှိလာစေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ၂၀၂၃ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစား



**နေပြည်တော် ဇွန် ၂၄**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၃) တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်များကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဘောလုံးဝါသနာရှင်များတက်ရောက်အားပေးခဲ့ကြသည်။

ဦးစွာ ယနေ့ နံနက် ၇ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ်(၃) တွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ဇွန် ၂၄ ရက် နံနက် ၇ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ STA

# Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အီလ်ရှိုင်းဦးဆောင်

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်နိုင်ငံ ကွန်နက်တီကပ်တွင် ကျင်းပနေသည့် Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားမက္ကာသီက သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်ထားကြောင်း Belfast Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရက်ဒ်လေနှင့် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား အာဒမ်စကော့တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ဦးဆောင်ထားနိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလာက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် အသီးသီး ရပ်တည်လျက်ရှိသည်။

အလားတူ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရှိုင်းသည် ပထမနေ့အပြီးတွင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်သာ လျော့ရိုက်ထားနိုင်ခဲ့သော်လည်း ၂၁၄ ကိုက်အကွာမှ တစ်ချက်တည်းနှင့် ကျင်းဝင်အောင် ရိုက်နိုင်ခဲ့ပြီး ကစားသမားဘဝ၏ ပထမဦးဆုံးသော Ace ရိုက်ချက်ကို ရရှိခဲ့ပြီး ပထမနေ့အပြီးတွင် ရလဒ်ပိုင်း ကျေနပ်ဖွယ်ရာမရှိခဲ့သော်လည်း ကစားသမားဘဝ၏ Ace ရိုက်ချက်အတွက် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

မက္ကာသီက "ဒီနေ့ မနက်အိပ်ရာနိုးလာကတည်းကကို စိတ်ထဲမှာ ပေ့ါပါးလန်းဆန်းနေတယ်။ ပြိုင်ပွဲစတော့လဲ ပေ့ါပေ့ါပါးပါးလေး ကစားနိုင်ခဲ့သလို ရလဒ်ပိုင်းကလဲ ဝမ်းသာကျေနပ်စရာပါပဲ။ ဒုတိယနေ့မှာလဲ ဒီလိုပုံစံကောင်းကို ဆက်ထိန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အာဆီယံရေတပ်များဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုအလားအလာ



အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ လက်ရှိအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နှင့်တရုတ်တို့ကြား တင်းမာမှုမြင့်တက်ချိန်တွင် အရှေ့တောင်အာရှနိုင်ငံများ၏ ရေတပ်များကြား ပထမဆုံးသော ရေတပ်စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်သွားရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။

အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ယူဒိုမာဂိုနို၏ အဆိုအရ အင်ဒိုနီးရှား Natuna ကျွန်းစုများ၏ ကမ်းလွန်သဘာဝ အရင်းအမြစ်ပေါကြွယ်ဝသော နေရာဖြစ်သည့် North Natuna Sea တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ North Natuna Sea သည် အင်ဒိုနီးရှား၏အထူးစီးပွားရေးဇုန်(EEZ)အတွင်းကျရောက်လျက်ရှိပြီး တရုတ်ကလည်း ၎င်းတို့ပိုင်ဆိုင်ကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည်။ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့များသည် အဆိုပါကျွန်းစုများအနီးတွင် တပ်ဖြန့်ချထားပြီး တရုတ်ငါးဖမ်းသင်္ဘောများကလည်း ငါးဖမ်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားတပ်မတော်သည် ၎င်းတို့ပိုင်ဆိုင်ကြောင်း အခိုင်အမာဆိုထားသည့် အဆိုပါနယ်မြေအတွင်း စစ်သင်္ဘော ခြောက်စီးနှင့် တိုက်လေယာဉ် လေးစင်းတပ်ဖြန့်ချထားခဲ့သည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် တရုတ်နိုင်ငံက တောင်းဆိုထားသည့် ပေကျင်း၏ အမှတ် ၉ မျဉ်းပြိုင်နှင့် နယ်မြေထပ်နေသော North Natuna Sea နယ်မြေသို့ သွားရောက်ခဲ့သည်။ အင်ဒိုနီးရှား တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဂျူလိယပ်စ်ဝီဂျိုဂျိုနိုက အစီအစဉ်ရေးဆွဲထားရှိသော အာဆီယံရေတပ်များကြား ပြုလုပ်သွားမည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် အာရှဒေသ၊ အထူးသဖြင့် အရှေ့တောင်အာရှတွင် မြင့်တက်လာသော သဘာဝဘေးအန္တရာယ်များတုံ့ပြန်သွားရန်ဖြစ်ကြောင်း ပြောကြားသွားသည်။

လွန်ခဲ့သောလများအတွင်း တရုတ်တပ်မတော်သည် တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတွင် အမေရိကန်၏ ကင်းထောက်သည့်လှုပ်ရှားမှုများ တုံ့ပြန်သည့်အနေဖြင့် စိန်ခေါ်မှုများလုပ်ဆောင်မှုအပေါ် မနီလာက ဖိလစ်ပိုင်ရေပိုင်နက်များအတွင်း အန္တရာယ်ရှိသော စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်ဟု စောဒကတက်ခဲ့သည်။ ထို့ကြောင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်သွားမည့် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှရေပိုင်နက်များအတွင်း ပဋိပက္ခဖြစ်ပွားမှုလျှော့ချနိုင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံနိုင်ငံများကြား စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်မှုသည် ထူးဆန်းသော ကိစ္စတစ်ရပ်တော့မဟုတ်ချေ။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများသည် အဓိကအင်အားကြီးနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပေါင်းစုံလုပ်ဆောင်ခဲ့သည်။ သာဓကအနေဖြင့် ၂၀၁၉ ခုနှစ်တွင် အာဆီယံရေတပ်များသည် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှု (AUMX) ကို ငါးရက်ကြာပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကို ထိုင်းနိုင်ငံ ချွန်ဘူရီပြည်နယ်ရှိ ဆာတာဟစ် ရေတပ်အခြေစိုက်စခန်းမှစတင်ခဲ့ပြီး တောင်တရုတ်ပင်လယ်ပြင်ရှိ ဗီယက်နမ်နိုင်ငံတောင်ပိုင်း Cape Ca Mau ထိ ရောက်ရှိခဲ့သည်။

AUMX စစ်ရေးလေ့ကျင့်မှု၏ အကြိုလေ့ကျင့်မှုများကို ဘရူနိုင်းနှင့် စင်ကာပူနိုင်ငံတို့တွင်ပြုလုပ်ခဲ့ပြီး တပ်ဖွဲ့ဝင်ဦးရေ ၁၂၆၀၊ စစ်ရေယာဉ် ရှစ်စင်း၊ လေယာဉ် လေးစင်းတို့ပါဝင်လေ့ကျင့်ခဲ့သည်။ အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့သည် လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ ထိုစဉ်က ပင်တဂွန်သည် အာဆီယံနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်ရေးအတွက် USS Wayne E Meyer ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော၊ USS Montgomer ကမ်းခြေစောင့်တိုက်ခိုက်ရေးသင်္ဘော၊ P-8 Poseidon လေယာဉ်နှင့် MH-60 ရဟတ်ယာဉ်တို့ကို တပ်ဖြန့်ချထားခဲ့သည်။

အလားတူ အရှေ့တောင်အာရှနိုင်ငံများကလည်း ၎င်းတို့စစ်သင်္ဘောများကို တပ်ဖြန့်ချထားခဲ့ရာ စင်ကာပူမှ RSS Tenacious ဖရီးဂိတ်၊ ထိုင်းနိုင်ငံမှ HTMS Krabi၊ ဖိလစ်ပိုင်မှ KDB Ramon Alcaraz ၊ ဘရူနိုင်းမှ ကမ်းလွန်ကင်းလှည့်ရေယာဉ် KDB Darulaman နှင့် မြန်မာနိုင်ငံမှ UMS Kyan Sittha ဖရီးဂိတ်တို့ကို တပ်ဖြန့်ချထားခဲ့သည်။ လက်ရှိအချိန်ထိ အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံနှင့် စစ်ရေးလေ့ကျင့်မှု သုံးကြိမ်ပြုလုပ်ထားပြီးဖြစ်သည်။ အထင်ရှားဆုံးစစ်ရေးလေ့ကျင့်မှုတစ်ခုမှာ ၂၀၁၈ ခုနှစ်အစောပိုင်းတွင် တရုတ်နိုင်ငံတောင်ပိုင်းမြို့တော် ရှင်ကျန်း၌ပြုလုပ်ခဲ့သည့် အာဆီယံ-တရုတ် ပင်လယ်ရေကြောင်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများပင်ဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ရေတပ်မှရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရှန်ဂျင်လွန်က စစ်ရေးလေ့ကျင့်မှုများကို အာဆီယံနိုင်ငံများနှင့် အနာဂတ်မျှဝေရေးဆိုင်ရာ ပင်လယ်ရေကြောင်း အသိုက်အဝန်းထူထောင်သည့် တိုင်းပြည်၏ မျှော်မှန်းချက်အဖြစ် ရည်ညွှန်းပြောကြားခဲ့သည်။

ထို့ပြင် အာဆီယံနိုင်ငံများသည် ၂၀၁၇ ခုနှစ်တွင် PLA ထူထောင်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ်တွင် ပြုလုပ်ခဲ့သော ပူးတွဲပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှုတွင်လည်း ပါဝင်လေ့ကျင့်ခဲ့ကြသည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ၂၀၁၇ ခုနှစ်တွင် စင်ကာပူရေပိုင်နက်များအတွင်း ရေတပ်စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ သို့သော် ၂၀၁၇ ခုနှစ် နှောင်ပိုင်းမှစ၍ ဒေသတွင်း၌ ပင်လယ်ရေကြောင်းဆိုင်ရာ တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် အာဆီယံအဖွဲ့မှ အဓိကနိုင်ငံများသည် ဆက်စပ်ရေပိုင်နက်များအတွင်း တရုတ်နိုင်ငံကို ဆန့်ကျင်ရပ်တည်လာခဲ့ကြသည်။

တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နှင့်ဗီယက်နမ်တို့ကြား နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်လာခဲ့သည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံသည် Natuna ကျွန်းစုများအရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံနှင့်အငြင်းပွားခဲ့သည်။ North Natuna Sea ပင်လယ်ပြင်ဧရိယာတွင် တရုတ်ပြည်သူ့စစ်တပ်ဖွဲ့များ တိုးမြှင့်တပ်ဖြန့်ချထားလာသည့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံကို ၎င်း၏အချုပ်အခြာအာဏာ ချိုးဖောက်မှုအဖြစ် ပွင့်လင်းစွာဝေဖန်ပြောဆိုလာခဲ့ပြီး တရုတ်နိုင်ငံ၏ ငါးဖမ်းယူမှုများကိုလည်း UNCLOS အပါအဝင် ခေတ်သစ် နိုင်ငံတကာဥပဒေများနှင့် မညီညွတ်ကြောင်း ပြောဆိုခဲ့သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကလည်း ယခုနှစ် ဇန်နဝါရီလအတွင်း Natuna ဒေသသို့ သမိုင်းဝင် ခရီးသွားရောက်စဉ် မိမိတို့အနေဖြင့် ဤဒေသတွင် ခရိုင်တစ်ခုရှိကြောင်း၊ စီမံအုပ်ချုပ်သူလည်းရှိကြောင်း၊ မည်သည့်နိုင်ငံနှင့်မျှ အငြင်းပွားနေစရာ အကြောင်းမရှိကြောင်းနှင့် Natuna သည် အင်ဒိုနီးရှား၏အစိတ်အပိုင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ အင်ဒိုနီးရှား စစ်ဘက်အနေဖြင့်လည်း ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို တုံ့ပြန်နိုင်ရေးအတွက် Natuna ဒေသတွင် တပ်ဖြန့်ချထားမှုကို တိုးမြှင့်ခဲ့သည်။

**❖ အာဆီယံနိုင်ငံများကြား စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်မှုသည် ထူးဆန်းသောကိစ္စတစ်ရပ်တော့မဟုတ်ချေ။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများသည် အဓိကအင်အားကြီးနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပေါင်းစုံလုပ်ဆောင်ခဲ့သည်။ သာဓကအနေဖြင့် ၂၀၁၉ ခုနှစ်တွင် အာဆီယံရေတပ်များသည် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းစစ်ရေးလေ့ကျင့်မှု (AUMX)ကို ငါးရက်ကြာပြုလုပ်ခဲ့သည်။ ❖**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်နိုင်ငံချင်းစီအလိုက် တုံ့ပြန်ဆောင်ရွက်မှုများရှိသော်လည်း ပူးပေါင်းတုံ့ပြန်မှုများ လုပ်ဆောင်သွားရန် ပျက်ကွက်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများတွင် ဒေသတွင်းနိုင်ငံများ စည်းလုံးညီညွတ်စွာ တုံ့ပြန်နိုင်ရေးအတွက် အကြိမ်ကြိမ်ကြိုးပမ်းဦးစီးဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံခေါင်းဆောင်များက အရှေ့တောင်အာရှဒေသတွင် မည်သည့်နိုင်ငံ၏ ခြိမ်းခြောက်မှုကိုမဆို တုံ့ပြန်နိုင်ရေးအတွက် ပူးတွဲကင်းလှည့်သွားရန် အဆိုပြုခဲ့ကြသည်။ မည်သို့ပင်ဆိုစေ အင်ဒိုနီးရှားသည် တရုတ်နှင့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ပူးတွဲကင်းလှည့်မှုများ လုပ်ဆောင်ခဲ့သည်။ သို့သော် နှစ်နှစ်ကြာပြီးနောက် ဆစ်ဒနီတွင်ပြုလုပ်သော ဩစတြေးလျ-အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ ဒေသပြင်ပမှနိုင်ငံများမပါဝင်သည့် ပူးတွဲကင်းလှည့်မှုများသာ လုပ်ဆောင်သွားရန် ဂျိုကိုဝီဒိုဒိုက အဆိုပြုခဲ့သည်။

၂၀၂၁ ခုနှစ်တွင် အင်ဒိုနီးရှားပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးအေဂျင်စီသည် အာဆီယံကမ်းခြေစောင့်တပ်ဖွဲ့ဖိုရမ်ကို အဆိုပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများကြား အာဆီယံကမ်းခြေစောင့် တပ်ဖွဲ့များနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ တရားဥပဒေစိုးမိုးမှု အေဂျင်စီအနေဖြင့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားနိုင်ရန်ပင်ဖြစ်သည်။

၂၀၂၃ ခုနှစ်အစောပိုင်းတွင် ဝီဒိုဒိုသည် ဒေသတွင်း ပဋိပက္ခများဖြေရှင်းနိုင်ရေးအလို့ငှာ အာဆီယံ သွေးစည်းမှုလိုအပ်ကြောင်း ထပ်မံပြောဆိုခဲ့သည်။ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကလည်း တောင်တရုတ်ပင်လယ်အရေးတွင် စစ်အင်အားအသုံးမပြုဘဲ ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းသွားရန်လိုအပ်ကြောင်း ပြောဆိုခဲ့သည်။ ၎င်းတို့၏ ပြောဆိုမှုအပေါ် တုံ့ပြန်သောအားဖြင့် အာဆီယံခေါင်းဆောင်များသည် မေလအတွင်းက အင်ဒိုနီးရှား၌ ကျင်းပခဲ့သော အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ လိုက်နာရန်ကျင့်ထုံး(COD) ကို အမြန်ဆုံးအပြီးသတ်ရေးဆွဲနိုင်ရန် တိုက်တွန်းခဲ့ကြသည်။

၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပြုလုပ်သွားမည့် အင်ဒိုနီးရှားဦးဆောင်သည့် အာဆီယံရေတပ်များကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် ဒေသတွင်း တင်းမာမှုများ လျှော့ချသွားရန်အပြင် အာဆီယံနိုင်ငံများအရေးကို အဖွဲ့ကြီးအားဗဟိုပြု၍ ချဉ်းကပ်ဆောင်ရွက်သွားရန်ပင်ဖြစ်သည်။ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ယူဒိုမာဂိုနိုက မိမိတို့အနေဖြင့် North Natuna Sea တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အာဆီယံရေတပ်များ စစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာလတွင်ပြုလုပ်သွားရန် အစီအစဉ်ရေးဆွဲထားကြောင်း၊ တိုက်ပွဲဝင်လေ့ကျင့်မှုများမပါရှိသော်လည်း အာဆီယံဗဟိုပြုမှု ခိုင်မာအားကောင်းလာစေရန်ဖြစ်ကြောင်း ဇွန် ၉ ရက် တွင် ဘာလီမြို့၌ပြုလုပ်ခဲ့သော အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် အတည်ပြုပြောကြားသွားခဲ့သည်။

**ကိုးကား**

- **Indonesia-led ASEAN sea drills will take harder aim at China by Asia Times.**

**ဝင်းဇင်(သုတေသန)**

# အိပ်မက်ငိုတော ရုပ်သံဇာတ်လမ်းတွဲကို ဗီယက်နမ်နိုင်ငံနှင့် ဥရောပနိုင်ငံများရှိ ရုပ်သံလိုင်းများတွင် ပြသသွားမည်



**ရန်ကုန် ဇွန် ၂၃**

Canal Plus ရုပ်သံလိုင်း၊ Zat Lenn ရုပ်သံလိုင်းတွင် ပြသပြီးဖြစ်သည့် အိပ်မက်ငိုတော ရုပ်သံဇာတ်လမ်းတွဲကို ဗီယက်နမ်နိုင်ငံနှင့် ဥရောပနိုင်ငံများရှိ ရုပ်သံလိုင်းများတွင် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဇာတ်ညွှန်းရေးသူ ဒီဒီထက်အောင်က ပြောပြ၍ သိရသည်။

Taurus V Production က စီစဉ်ထုတ်လုပ်သည့် အိပ်မက်ငိုတော ရုပ်သံဇာတ်လမ်းတွဲကို လာမည့် ဩဂုတ်လမှစတင်ကာ ဗီယက်နမ်နိုင်ငံရှိ K+ နှင့် M7 Group ရုပ်သံလိုင်းတို့တွင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗက်ကီးယား၊ ဩစတြေးလျ၊ ဟန်ဂေရီနှင့် ရိုမေးနီးယားနိုင်ငံရှိ ရုပ်သံလိုင်းတို့တွင်လည်း ယခုနှစ်အတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက Horror၊ Adventure၊ Drama ဇာတ်လမ်းအမျိုးအစားလေးပါ။ ပြည်တွင်းပြသချိန်မှာ ပရိသတ်အားပေးမှု မြင့်တက်ပြီး မှတ်ချက်ကောင်းတွေ ရရှိခဲ့တယ်။ Canal Plus မှာလဲ Rating မြင့်တဲ့ ဇာတ်လမ်းတွဲအဖြစ် နေရာတစ်နေရာမှာ ရပ်တည်ခဲ့ပါတယ်။ အခုပြည်ပမှာ ပြသခွင့်ရရှိတဲ့အတွက်လဲ အတိုင်းထက်အလွန် ဝမ်းသာပီတိ ဖြစ်မိပါတယ်"ဟု ဇာတ်ညွှန်းရေးသူ ဒီဒီထက်အောင်က ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို Sammy Linn နဲ့ Shwe Yan တို့က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းပိုင်းကို ဒီဒီထက်အောင်ကရေးသားကာ ဒါရိုက်တာ ကောင်းဇံက ရိုက်ကူးထားကြောင်း၊ သရုပ်ဆောင် အောင်မင်းခန့်၊ သျှင်မြတ်၊ ရှိန်းတင်ထူး၊ ရတနာဗို၊ နော်ဖေဖေအယ်ထား၊ ထက်မြတ်ရွှေဇင်၊ သာသာ စသည့် အနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# El Muerto ကို ရုံတင်မည့် ဇာတ်ကားများစာရင်းမှ ယာယီဖယ်ထုတ်

**နယူးယောက် ဇွန် ၂၃**

မာဗယ်စတူဒီယို၏ El Muerto ဇာတ်ကားကို ရုံတင်ပြသမည့် ဇာတ်ကားများစာရင်းမှ ဆိုနီရုပ်ရှင်ကုမ္ပဏီက ယာယီဖယ်ထုတ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

လက်တင်နွယ်ဖွား ရက်ပ်ပါဘက်ဘန်နီ ပါဝင်သရုပ်ဆောင်ထားသော El Muerto ဇာတ်ကားကို မူလက ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။


သို့ရာတွင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် El Muerto ဇာတ်ကားကို ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသမည့်ဇာတ်ကားများစာရင်းမှ ဖယ်ထုတ်ထားသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် El Muerto ဇာတ်ကားအပြင် အခြားရုပ်ရှင်ဇာတ်ကားအချို့ကိုပါ ၂၀၂၄ ခုနှစ်အတွင်း ရုံတင်မည့်ဇာတ်ကားများစာရင်းမှ ဖယ်ထုတ်ထားသည်။

El Muerto ဇာတ်ကားသည် ထူးဆန်းသည့် မျက်နှာဖုံးစွပ်တစ်ခုကြောင့် သဘာဝလွန်စွမ်းရည်များ ပိုင်ဆိုင်လာသူ နပန်းသမားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဘက်ဘန်နီက အဓိကဇာတ်ကောင် စူပါဟီးရိုး နပန်းသမား ဂျူအန်ကာလိုအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO





# Miss Grand Bago 2024 Grand Final ပြိုင်ပွဲတွင် အလှမယ် အိန်ဂျယ်လ်ကြည်ဖြူ Winner ဆုရရှိ

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီးရှိ Yangon Convention Center တွင် ဇွန် ၂၂ ရက်က ကျင်းပခဲ့သည့် Miss Grand Bago 2024 Grand Final ပြိုင်ပွဲတွင် Miss Grand Bago 2024 Winner ဆုကို အလှမယ် အိန်ဂျယ်လ်ကြည်ဖြူ ရရှိခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကိုယ်စားပြုအလှမယ် ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Miss Grand Bago 2024 Winner ဆုကို အလှမယ် အိန်ဂျယ်လ်ကြည်ဖြူက ရရှိခဲ့ပြီး အလှမယ် အိန်ဂျယ်လ်ကြည်ဖြူသည် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် Miss Grand Myanmar 2024 ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားပြုအလှမယ်များနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

"စပြိုင်ကတည်းက Main Winner ဆုရဖို့အတွက်ကို မျှော်မှန်းထားပေမဲ့ ညီမနဲ့အတူတူ ယှဉ်ပြိုင်ကြတဲ့ ပဲခူးအလှမယ်တွေ အားလုံးကလဲ တော်တော်ကိုလှကြတော့ ဘယ်ဆုပဲရရ ယူမယ်ဆိုပြီးပဲ တွေးမိတယ်။



ဒါပေမဲ့ တကယ်တမ်း Grand Final ပြိုင်ပွဲနေ့ကို ရောက်လာတော့ Main Winner ဆုဖြစ်တဲ့ Miss Grand Bago 2024 ဖြစ်ရမယ်ဆိုတဲ့ စိတ်ပဲတွေးမိတယ်။ Miss Grand Yangon ပွဲမှာတုန်းက ဝင်ပြိုင်ခဲ့ပေမဲ့ ညီမအနေနဲ့ ဆုမရခဲ့ဘူး။ အဲဒီပြိုင်ပွဲမှာကတည်းက ညီမအနေနဲ့ အများကြီး ကြိုးစားဖို့လိုသေးတယ်လို့ တွေးမိတယ်။ ဒါကြောင့် ရန်ကုန်ပွဲပြီး လေးလပိုင်းလောက်ကတည်းက Catwalk ပိုင်းကို သေချာလေ့လာခဲ့တယ်။ ပဲခူးကို ဝင်ပြိုင်ခဲ့တယ်ဆိုတာကလဲ ညီမပြောင်းလဲလာပြီဆိုတာကို သက်သေပြချင်လို့ပါ။ အခုကြိုးစားမှုတွေ အရာထင်ခဲ့တဲ့အတွက် ပျော်ပါတယ်"ဟု အလှမယ်အိန်ဂျယ်လ်ကြည်ဖြူက ပြောပြ၍ သိရသည်။

ASH

# Extraction-2 ဇာတ်ကား အဖွင့်ဝင်ငွေ အကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဇွန် ၂၃**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Extraction-2 ဇာတ်ကားအဖွင့်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Netflix ရုပ်ရှင်ကုမ္ပဏီအဆိုအရ Extraction-2 ဇာတ်ကား စတင်ထုတ်လွှင့်ပြသပြီး ပထမသီတင်းပတ်ကုန်ကာလမှာပင် ဇာတ်ကားကြည့်ရှုမှုကြိမ်ရေ ၄၂ ဒသမ ၈ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ စတင်ထုတ်လွှင့်ပြသခဲ့ပြီး သုံးရက်တာကာလအတွင်း ကြည့်ရှုချိန်နာရီ ၈၈ သန်းထိရှိခဲ့သော Extraction-2 ဇာတ်ကားသည် Netflix အတွက် ယခုနှစ်အတွင်း အဖွင့်ဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်လာခဲ့ရခြင်းဖြစ်သည်။

Extraction-2 ဇာတ်ကားကို ဒါရိုက်တာ ဆမ်ဟာဂရေ့က ရိုက်ကူးပေးထားပြီး မင်းသား ခရစ်ဟမ်းစဝို့က သရုပ်ဆောင်ထားကြောင်း၊ မင်းသား ခရစ်ဟမ်းစဝို့ ပါဝင်သရုပ်ဆောင်ထားသော Extraction (2020) ဇာတ်ကားသည်လည်း Netflix ၏ ၂၀၂၀ ပြည့်နှစ်အတွင်း အဖွင့်သီတင်းပတ်ကုန် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်ခဲ့ရကြောင်း သိရသည်။

KKO




# အောင်မြတ်သာနှင့်ဝိညာဉ်စွဲကပ်မှုန်တစ်ချပ် ရုပ်သံဇာတ်လမ်းကို Channel K ရုပ်သံလိုင်းနှင့် Shwe Stream မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇွန် ၂၃**

အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ် ရုပ်သံဇာတ်လမ်းကို Channel K ရုပ်သံလိုင်းနှင့် Shwe Stream မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချက် ရုပ်သံဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန(ရာမညာ)၏ဝတ္ထုကို ဖိုးကျော်(သန်လျင်)က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Channel K နဲ့ Shwe Stream You Tube Channel ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ပရိသတ် အားပေးကြတဲ့အတွက် ဇာတ်လမ်းတွဲလို ကြည့်နိုင်အောင် ဆက်တိုက် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။ အခုအောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ် ဇာတ်လမ်းကတော့ အတွဲ (၁)၊ (၂) ဆိုပြီးသွားမှာပါ။ ဒီဇာတ်လမ်းကိုတော့ ဇွန် ၃၀ ရက်မှာ Channel K နဲ့ Shwe Stream You Tube Channel ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ခိုင်၊ စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ဝါဝါအောင်၊ နန်းဆုဦး၊ ယွန်းရွှေရည် စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Authorities prepare Bogyoke Aung San Museum for the public to visit on 76th Martyr's Day



A lot of visitors are seen in front of the gate of Bogyoke Aung San Museum.

**Yangon June 23**

The Bogyoke Aung San Museum in Yangon is being prepared for the public to visit on the 76th Martyr's Day which falls on July 19, according to reports from the Yangon City Development Committee (YCDC).

On the upcoming Martyr's Day, people will be allowed to visit the museum for free as in previous years. Currently, the museum is temporarily closed for the public from June 27 to July 18 in order to carry out renovations.

Currently, preparations are being made for the landscaping of the museum.

The restoration and cleaning of the museum in Yangon has been underway since the second week of June.

The museum was displayed via online on the 73rd Martyr's Day in 2020 and the 74th Martyr's Day in 2021 due to the Covid-19 pandemic and the visit to the museum was allowed for the public on the 75th Martyr's Day in 2022. 336

# Hundreds of migrants rescued off Canary Islands

**Madrid June 23**

At least 227 migrants were rescued off Spain's Canary Islands on Thursday, officials say, a day after reported deaths of more than 30 migrants there.

Emergency services say the Coast Guard the migrants were travelling on inflatable boats near the Lanzarote and Gran Canaria islands in the Atlantic.

A number of them were taken to hospital to be treated for a "mild condition".

On Wednesday, two charities said more than 30 migrants may have drowned after their dinghy sank off Gran Canaria.

Spanish authorities said rescue workers found the bodies of a minor and a man, and rescued 24 other people.

However, the charities - Walking Borders and Alarm Phone - said about 60 people had been on board.

Helena Maleno Garzon, from Walking Borders, said 39 people had drowned, including four women and a baby, while Alarm Phone said 35 people were missing.

Both organisations monitor migrant boats and receive calls from people on board or their relatives.

A Spanish rescue service ship, the Guardamar Caliope, was only about an hour's sail from the dinghy on Tuesday evening, according to Spanish news agency Efe. BBC

# MoCRD to conduct laboratory tests on cosmetics, foodstuffs, personal goods in 2023-24 FY

**Nay Pyi Taw June 23**

The Ministry of Cooperatives and Rural Development decided to give laboratory tests to more than 4,300 registered cosmetics, foodstuffs and consumer goods manufactured in 2023-24 financial year.

The Small-scale Industries Department under the ministry establishes laboratories to conduct tests for small-scale industries in regions and states.

Hence, the department will conduct laboratory tests on the products which are produced by manageable scale enterprises.

The department will test 4,330 items of cosmetics, foodstuffs and personal goods in order to improve quality of products and ensure safety of consumers.

In this regard, the department has accepted registration of 3,365 foodstuffs, 850 personal goods and 115 cosmetic goods, totalling 4,330.

In conducting the tests, it emphasizes contents of the products where using prohibited drugs, exceeding moisture, microorganism and dangerous elements.

The department tests 748 items of products in in April and May 2023. Moreover, it tested 6,032 items of goods in 2022-23 financial year.

Moreover, the department conducts training courses on enhancement of capacity for the staff of small-scale enterprises. 336


Lab test being carried out on foodstuff.

# Myanmar imports over 140,000 tons of fertilizer worth over US$59 m in May

**Nay Pyi Taw June 23**

A total of 143,420 tons of fertilizer worth US$59.819 million was imported in May, according to reports from the Ministry of Commerce.

Now that the monsoon paddy and rainy season planting season has arrived, the fertilizer markets, which are essential for agricultural activities, have become active.

Fertilizers are being imported from sea trade routes as well as from border trade routes.

Myanmar imported 50,000 tons of fertilizer from China, 25,000 tons from Indonesia, 15,000 tons from Oman, 5,800 tons from Brunei, 1,000 tons each from Canada, Peru and Germany, 70 tons from Japan, and 6,300 tons from Malaysia, 500 tons from Taiwan, 4,000 tons from Thailand, 1,500 tons from the United Arab Emirates, 550 tons from Uzbekistan, and 2,000 tons from Vietnam, totaling 113,720 tons of fertilizer through maritime trade routes.

Myanmar also imported 29,000 tons of fertilizers from China and 700 tons from Thailand, totaling 29,700 tons of fertilizer via border trade routes. 336

# Relatives mourn Titanic sub deaths after 'catastrophic implosion'

**Washington June 23**

Relatives and colleagues mourned on Friday five people who died when their submersible imploded in the North Atlantic during a deep dive to the Titanic wreck, triggering questions about safety rules for such adventures into the ocean depths.

Debris from the Titan submersible, which had been missing since Sunday, was detected on Thursday by a robotic diving vehicle deployed from a Canadian ship as part of an international rescue effort.

Remains of the submersible, which lost contact with a surface ship about 1 hour and 45 minutes into a 2-hour descent, were discovered on the seabed about 1,600 feet (488 meters) from the bow of Titanic wreck, about 2-1/2 miles (4 km) below the surface , U.S. Coast Guard Rear Admiral John Mauger said.

He told reporters on Thursday the debris was consistent with "a catastrophic implosion of the vehicle."

The five who died included Stockton Rush, U.S. founder and chief executive officer of OceanGate Expeditions, which operated the submersible and charged $250,000 per person to make the Titanic trip. He was piloting the craft. Reuters


The Titan submersible, operated by OceanGate Expeditions to explore the wreckage of the sunken Titanic off the coast of Newfoundland, dives in an undated photograph.

# Plan to collect data on storage of rice and paddy in Nay Pyi Taw, regions and states for stabilizing rice prices


A large warehouse full of bags of rice.

**Nay Pyi Taw June 23**

Arrangements are being made to collect data on storage of rice and paddy in Nay Pyi Taw and regions and states for stabilizing the prices of rice and paddy, said CEC member of Myanmar Rice Federation U Nyein Chan Aung.

The federation arranges stability and development of rice market, systematic compilation of data on storage of paddy and rice, and emergence of a stable rice market at fair prices. By so doing, the online registration system (MyRO) is being implemented to collect data of rice and paddy storage. It is expected to launch the system in 2023.

"As part of efforts to stabilize prices of rice, storage volume of rice and paddy will be collected in Nay Pyi Taw Council Area as well as regions and states in June and July. It can be said that it is a step to implement the MyRO system which is a service to issue digital certificates to paddy and rice warehouses. We will collect data for the warehouses which store more than 5,000 baskets of paddy and rice or more than 50 tons of rice," he explained.

In this regard, warehouses will be checked as from 26 June, through collaborative efforts between the Department of Consumer Affairs and the Myanmar Rice Federation.

Moreover, the federation will form the work committee to trade rice a fair price, stabilize price of rice and ensure correct trading without burden over the consumers.

ASH

# Over 3,000 tons of medicines and medical equipment worth over US$50 million imported in May this fiscal year

**Nay Pyi Taw June 23**

Myanmar imported over 3,000 tons of medicines and medical equipment worth over US$50 million in May of the current 2023-2024 financial year, according to the Ministry of Commerce.

Medicines and medical equipment are being produced domestically, but they have to be imported to meet the domestic demand for healthcare services.

The ministry allows import of medicines and medical equipment that are not on the negative list in seeking import licenses. Import licenses are being issued in line with the procedures of the Food and Drug Administration (FDA) under the Ministry of Health and Sports.

In May, the second month of this fiscal year, over 3,000 tons of medicines and medical equipment worth US$50.365 million were imported via maritime trade routes from 26 countries.


Samples of imported medicines.

The importer countries include Argentina, Belgium, Switzerland, Australia, Brazil, China, Germany, India, Indonesia, Japan, South Korea, Singapore, the US and Vietnam.

In April only about 1,500 tons were imported. The Ministry of Commerce is also taking measures to import Covid-19-related medicines and medical equipment via border, sea and air routes.

336

# Trade volume of Tachilek border trading post reaches over US$18 m in May

**Tachilek June 23**

The trade volume of Tachilek border trade station in May was more than US$18 million, earning a trade surplus, according to reports from the Ministry of Commerce.

The Tachilek border trade station is the trading post, which earned third largest trade volume, among seven trading posts in Myanmar-Thailand border and is also one of the border trading posts that can generate trade surplus.

In May, it earned a trade volume of US$18.379 million: US$9.201 million in export and US$9.178 million in import, thus achieving a trade surplus of US$0.023 million.

The increase in trade volume and trade surplus is due to the increase in the export of forestry products, mineral products, finished industrial products and agricultural products, while the decrease in the import of investment goods, industrial raw materials and consumer goods.

Among the ten most exported products of Tachilek border trading station are corn, garlic, dry tea, corrugated cardboard, old plastic cans, tobacco and particles of dried prawn shell.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar exports over 18,000 tons of rubber worth over US$22 m in May

**Nay Pyi Taw June 23**

More than 18,000 tons of rubber worth more than US$22 million were exported and sold in May in 2023-2024 FY, according to the Ministry of Commerce.

Myanmar has more than 1.6 million acres of rubber plantations, and most rubber plantations are located in Tanintharyi, Bago, Yangon regions, and Mon and Kayin states.

Myanmar is exporting and selling rubber through sea trade routes and border trade routes and mainly exported to India, Thailand, Malaysia, Indonesia, Singapore, South Korea and Chinese Taipei.

In 2022-2023 FY, more than 360,000 tons of rubber were produced and out of them, more than 200,000 tons of rubber were exported.

Now, the price of rubber has risen in the international rubber market. It was increased from US$1,650 to US$1,700 per ton.

As a result, the export of rubber has also increased, and in May, Myanmar exported 18,190 tons of rubber worth US$22.49 million.

Myanmar is planning to export up to 300,000 tons of rubber to foreign markets in 2023-2024 FY.

336


Rubber sheets in packages.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းတွင် F-16 တိုက်လေယာဉ်များရောက်ရှိလာပါက စစ်ရေးအရတုံ့ပြန်မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြော



အနောက်နိုင်ငံထုတ် F-16 တိုက်လေယာဉ်များ ယူကရိန်းနိုင်ငံ ကောင်းကင်ယံ၌ ရောက်ရှိလာပါက စစ်ရေးအရ လက်တုံ့ပြန်သည့်အစီအစဉ်များ လုပ်ဆောင်သွားမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov က အခိုင်အမာ ပြောကြားလိုက်ကြောင်း ဇွန် ၂၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

အဆိုပါသတိပေးချက်ကို ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov က ပြီးခဲ့သည့် ရက်သတ္တပတ်နှောင်းပိုင်းတွင် RT ရုပ်သံလိုင်းနှင့် တွေ့ဆုံမေးမြန်းမှုအတွင်း ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းသို့ F-16 လေယာဉ်များလွှဲပြောင်းပေးအပ်နိုင်ဖွယ်ရှိမှုနှင့်ပတ်သက်၍ အလွန်ပြင်းထန်သော သံတမန်ရေးရာတုံ့ပြန်ချက်ကို ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်ကြောင်း Lavrov ၏ အဆိုအရ သိရသည်။

နျူကလီးယားလက်နက်များ သယ်ဆောင်ရန်နှင့်ရုရှားတပ်ဖွဲ့များကို တိုက်ခိုက်ရန်အတွက် ယူကရိန်းစစ်ဘက်က F-16 တိုက်လေယာဉ်များကို အသုံးပြုလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

“တကယ်တော့ နျူကလီးယားလက်နက်တွေ သယ်ဆောင်နိုင်တဲ့ F-16 တိုက်လေယာဉ်တွေအကြောင်း အခုပြောနေတာရှိတယ်။ ဒါကို လူသိရှင်ကြားပြောခဲ့ပြီးပါပြီ။ ဟုတ်ပါတယ်။ စစ်ဘက်နည်းပညာဆိုင်ရာ လက်တုံ့ပြန်မှုတွေရှိလာမှာပါ”ဟု Lavrov က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းအထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ယူကရိန်းအာဏာပိုင်များသည် ရှေ့တန်းသို့ နည်းဗျူဟာမြောက်လေကြောင်းဆိုင်ရာ စွမ်းအားစုများ ပံ့ပိုးမှုပေးရန်နိုင်ငံတကာမဟာမိတ်နိုင်ငံများထံမှ တိုက်လေယာဉ်များ တောင်းဆိုခဲ့သည်။

F-16 ကဲ့သို့သော တိုက်ခိုက်ရေးလေယာဉ်များပေးပို့ရာတွင် နှောင့်နှေးမှုများသည် ပဋိပက္ခကိုသက်တမ်းကြာမြင့်နိုင်စေပြီး ပျက်စီးဆုံးရှုံးမှု ပိုမိုဖြစ်ပေါ်စေသည်ဟု သမ္မတဇီလန်စကီးက ပြောကြားခဲ့သည်။

ပိုလန်နှင့် ဆလိုဗက်ကီးယားနိုင်ငံတို့သည် နေအိမ်များပေါ် ကျရောက်လာသော ဗုံးကြဲတိုက်ခိုက်ခြင်းများရန်မှ အရပ်သားများကို ကာကွယ်ရန်အတွက် ယူကရိန်းနိုင်ငံသို့ စစ်လေယာဉ်များပေးပို့သွားရန် ကတိပြုထားပြီးဖြစ်သည်။

သို့သော်လည်း ရုရှားနှင့်ဖြစ်ပွားနေသည့် ပဋိပက္ခတွင် ယူကရိန်းကိုပေးအပ်ရန် တောင်းဆိုထားသော F-16 တိုက်လေယာဉ်များကို ပေးပို့သွားမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယခုနှစ် အစောပိုင်းကတည်းက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Ned Price ကလည်း မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ရုရှားနိုင်ငံ၏ ကြောက်မက်ဖွယ်ကောင်းသော လေတပ်ကို တုံ့ပြန်တိုက်ခိုက်ရာတွင် ပိုမိုထိရောက်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

“ရုရှားတို့ဘက်က ဒုံးကျည်တွေ၊ ရှေ့ကတ် အမြောက်တွေကနေ ခြိမ်းခြောက်လာမှုတွေကို မာမာချာချာ တုံ့ပြန်နိုင်မဲ့ မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကို ယူကရိန်းတပ်ဖွဲ့တွေထံ ဆက်လက်ပံ့ပိုးပေးသွားမှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

F-16 တိုက်လေယာဉ်များကို ယူကရိန်းသို့ ပို့ဆောင်မည်ဟုအာမခံချက်မရှိသော်လည်း အမေရိကန်ကာကွယ်ရေးကုမ္ပဏီကြီး လော့ခ်ဟိဒ်မာတင်က ၎င်း၏အစောပိုင်း ဆုံးဖြတ်ချက်ကို ပြောင်းလဲပစ်မည်ဆိုပါက ကူညီရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါကုမ္ပဏီသည် ယူကရိန်းတိုက်လေယာဉ်မှူးများကို ပျံသန်းမောင်းနှင်ခြင်းနှင့် ကြံ့ခိုင်ထိန်းသိမ်းခြင်းများကို လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Frank St John က ပြောကြားခဲ့သည်။

“F-16 အသစ်တွေ ထုတ်လုပ်တာဖြစ်ဖြစ်၊ ရှိပြီးသားတွေကို အဆင့်မြှင့်တင်မွမ်းမံတာဖြစ်ဖြစ် လိုအပ်တာတွေကိုပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရုံသာမက လေ့ကျင့်ရေး၊ ဆက်စပ်ပစ္စည်းစက်ကိရိယာတွေနဲ့ စနစ်တွေကိုလဲ ပြုပြင်ပြောင်းလဲဖို့ အဆင်သင့်ရှိနေပါတယ်”ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

**Russia Vows ‘Military-Technical Response’ if F-16 Jets Appear in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## MBDA ကုမ္ပဏီက Aquila ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မည့် အယူအဆတစ်ရပ်ထုတ်ဖော်ပြသ

ဥရောပတိုက်မှ MBDA ကုမ္ပဏီသည် ဥရောပတိုက်အတွက် လွှမ်းခြုံကာကွယ်ပေးရန် Aquila ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မည့် အယူအဆတစ်ရပ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇွန် ၂၁ ရက်က The Defense Post တွင် ဖော်ပြထားသည်။

Aquila ဟု အမည်ပေးထားသည့် အဆင့်သုံးဆင့်ပါ ဒုံးကျည်ဒီဇိုင်းကို Paris Air Show 2023 တွင် ပြသခဲ့သည်။

ကုမ္ပဏီ၏အဆိုအရ ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မည့်စနစ်သည် ဥရောပနိုင်ငံ ၁၄ နိုင်ငံမှ စက်မှုလုပ်ငန်းများမှ လုပ်ဖော်ကိုင်ဖက်များက ပံ့ပိုးပေးမှုများဖြင့် ငါးနှစ်ကြာ သုတေသနပြုမှုမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် အဖွဲ့ဝင်နိုင်ငံလေးနိုင်ငံဖြစ်သည့် ပြင်သစ်၊ အီတလီ၊ ဂျာမနီနှင့်နယ်သာလန်တို့အတွက် အထိရောက်ဆုံး ကြားဖြတ်တိုက်ခိုက်ရေးစနစ်ပိုင်ဆိုင်ထားနိုင်ရန် ရည်ရွယ်သည်။

ထို့ပြင် အဆိုပါအယူအဆသည် အထူးသဖြင့် ပေါ်ပေါက်လာသော ဟိုက်ပါဆောနစ်ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဥရောပနိုင်ငံများအတွက် ကာကွယ်ရေးနှင့်လုံခြုံရေးကို အာမခံနိုင်မည်ဖြစ်သည်။

“ဒီစီမံကိန်းက ဥရောပရဲ့ စက်မှုလုပ်ငန်းကဏ္ဍမှာ ဒုံးကျည်စနစ်တွေကို ထပ်မံအားဖြည့်ပေးနိုင်မဲ့ အရေးပါတဲ့ ကျွမ်းကျင်မှု၊ နည်းပညာတွေနဲ့စက်ပစ္စည်းတွေ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေပြီး ဥရောပစစ်ဘက် စက်မှုဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို အဆင့်မြှင့်တင်ပေးနိုင်မှာပါ”ဟု MBDA အမှုဆောင်အရာရှိချုပ် Eric Béranger က ပြောကြားခဲ့သည်။

Aquila ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မည့် အယူအဆတစ်ရပ်သည် ၂၀၃၀ ပြည့်နှစ်တွင် ဥရောပတိုက်၏ ကမ္ဘာ့လေထုအပြင်ဘက်လွှာ၌ ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရည် (Endo-Atmospheric Interceptor)ကို ပိုင်ဆိုင်ထားနိုင်ရန် ပိုမိုကြီးမားသောစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။




Endo-Atmospheric Capability ဆိုသည်မှာ ကြားဖြတ်ကိရိယာသည် ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ၁၀၀ (၆၂ မိုင်) ခန့်ထိ ကျယ်ဝန်းသော်လည်း အာကာသထဲသို့ နက်ရှိုင်းစွာထိုးဖောက်ပျံသန်းနိုင်ခြင်းတော့မရှိပေ။

ပဲ့ထိန်းဒုံးကျည်များ၊ ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်များနှင့် လျှောပျံယာဉ်များကဲ့သို့ ရှုပ်ထွေးနက်နဲသော ခြိမ်းခြောက်မှုများကြောင့် ခေတ်သစ်ကမ္ဘာတွင် ထိုသို့သော အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးနယ်ပယ်သည် အရေးကြီးလာသည်။

တီထွင်ထုတ်လုပ်ပြီးသည်နှင့် Aquila ကြားဖြတ်ကိရိယာသည် ခြိမ်းခြောက်မှုအသစ်များကို တုံ့ပြန်ချေဖျက်ရန် နည်းလမ်းသစ်တစ်ခုဖြစ်လာမည်ဖြစ်ပြီး ဥရောပတိုက်ကြီးရှိ အချက်အခြာနေရာများကို ထိရောက်စွာ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အာမခံချက် ရရှိစေမည်ဖြစ်သည်။

“ဒီစီမံကိန်းက EU (ဥရောပသမဂ္ဂ) နိုင်ငံတွေကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ အပြန်အလှန် လုပ်ဆောင်နိုင်မှုကိုမြှင့်တင်ခြင်းအားဖြင့် ဥရောပရဲ့ခုခံကာကွယ်နိုင်စွမ်းနဲ့ နည်းပညာဩဇာကြီးမားမှုနယ်ပယ်တွေမှာ အထောက်အကူဖြစ်စေတဲ့ သိသာထင်ရှားတဲ့ အကျိုးကျေးဇူးတွေကို ရရှိပိုင်ဆိုင်လာစေမှာ ဖြစ်ပါတယ်”ဟု MBDA အမှုဆောင်အရာရှိချုပ် Eric Béranger က ရှင်းလင်းပြောကြားခဲ့သည်။

**MBDA Unveils Europe’s ‘Aquila’ Hypersonic Missile Interceptor Concept ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၃၇၈၁၀ စိုက်ပျိုးမည်


ယခင်နှစ်က မိုးစပါးစိုက်ကွက်များကို တွေ့ရစဉ်။

**လပွတ္တာ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၃၇၈၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၃၇၈၁၀ ကို ယခုနှစ် ဇွန်လ စတုတ္ထပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ မိုးစပါးကို ဇွန်လစတုတ္ထပတ်အတွင်းမှာ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီနှစ် မိုးစပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ပြီးခဲ့တဲ့မတ်လလောက်ကတည်းက ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိ မိုးစပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို အဓိကဆောင်ရွက်ပေးနေတာပါ။ အခုနှစ် မိုးစပါးတွေကို ပေါ်ဆန်းရင်စပါး အမျိုးအစားကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းစေဖို့၊ မျိုးကောင်းမျိုးသန့်စပါးတွေ စိုက်ပျိုး ထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးစပါးလျာထားဧက ၃၃၇၈၁၀ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ခြင်း ကွင်းဆင်းသရုပ်ပြခြင်း၊ ရေငံတားတာများ တည်ဆောက်ပေးခြင်း၊ ရေစိမ့်ပေါက် ရေထွက်ပေါက်များ ရှာဖွေပေးခြင်း၊ ရွှေခရု ကာကွယ်နှိမ်နင်းသည့်နည်းပညာများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)များ စိုက်ပျိုးပြီး မြေဩဇာအဖြစ် ထည့်သွင်းအသုံးပြုပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြစ်ကြီးနားမြို့နယ် ပလန(၂)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်ကြီးနား ဇွန် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပလန(၂) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်း၊ အရင်းအတိုးပြန်လည်ပေးသွင်းခြင်း ဆောင်ရွက်ရာ၌ ငွေကြေးလုံခြုံမှုရှိစေရန်၊ ချေးငွေထုတ်ချေးရာတွင် အချိန်၊ ငွေကြေး၊ အခြားကုန်ကျစရိတ်များ၊ ငွေစက္ကူများရေတွက်၍ ထုတ်ပေးရသည့်ကိစ္စရပ်များ သက်သာပြီး လွယ်ကူမြန်ဆန်စေရန်၊ စီမံကိန်းချေးငွေထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်းများ ပြုလုပ်ရာတွင် Digital နည်းပညာကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်သော ရန်ပုံငွေလည်ပတ်မှုစနစ်တစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယခုစနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့နယ်ရှိ Mobile Financial Payment လုပ်ငန်းဆောင်ရွက်သည့် True Money Agent မှ ဝန်ထမ်းများက ပလနကျေးရွာအုပ်စု ပလန (၂) ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးအား ငွေကျပ် ၃၄ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# မိုင်းယောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း ဇွန် ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဒေကျေးရွာနှင့် ဖတ္တူကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ဝမ်ဒေကျေးရွာနှင့် ဖတ္တူကျေးရွာရှိ ကျေးလက် ရေရရှိရေးလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကျေးလက် ရေရရှိရေးလုပ်ငန်းများကို တန်ဖိုးထားကာ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းသုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်ဒေကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အရှည်လေးမိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဖတ္တူကျေးရွာတွင် အရှည် သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စု၊ ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၅ ဒသမ ၅၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Focus Connect ကုမ္ပဏီနှင့် Halo Moon ကုမ္ပဏီတို့က ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဝါဂွမ်းချည်မျှင်ရှည်စံချိန်ပြည့်ဝပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော ဝါသီးနံမျိုးသစ် အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများဖြစ်သော ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံနှင့် ကျောက်ဆည်မြို့နယ် လွန်ကျော်ခြံတို့တွင် ဆောင်ရွက်လျက်ရှိသည့် ဥဇဘက်ကစ္စတန် ဝါမျိုး ရှစ်မျိုး စမ်းသပ်စိုက်ပျိုးလေ့လာမှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက စမ်းသပ်ကွက်များအလိုက် စိုက်ပျိုးထားရှိမှုများကိုရှင်းလင်း




နည်းပညာသင်တန်းကျောင်း (PHTTC)၏ တောင်သူနည်းပညာပေးသင်တန်းနှင့် ဌာနတွင်း နိုင်ငံ့ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းခန်းမတွင်

...

ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်ကော်ဖီဥယျာဉ်သို့ရောက်ရှိပြီး ကော်ဖီဥယျာဉ်အတွင်း အများပြည်သူများကော်ဖီနှင့်ပတ်သက်၍ လာရောက်လေ့လာနိုင်ကြရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အရည်အသွေးပြည့်ဝသော ပြည်သူလူထုကယုံကြည်အားထားရသည့် သူနာပြုဆရာ၊ ဆရာမကောင်းများကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ မွေးထုတ်နေ

**နေပြည်တော် ဇွန် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း(နေပြည်တော်)နှင့်သားဖွားသင်တန်းကျောင်း (နေပြည်တော်)တို့၏ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းမှ သင်တန်းသား၊သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲအခမ်းအနား



က ယုံကြည်အားထားရသည့် သူနာပြုဆရာ၊ ဆရာမကောင်းများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ မွေးထုတ်နေခြင်းဖြစ်၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ပညာရပ်များကို ကြိုးစားလေ့လာကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီး

...

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇွန် ၂၃**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့သို့ရောက်ရှိနေသော သမဝါယမနှင့် ကျေးလ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်ရှိ ပြည်နယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ရက်ကန်နှင့် သက်မွေးပညာသင်တန်း



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်း

...

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမျိုးသားမြေအသုံးချမှု မူဝါဒပါရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့်အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သည့်ဥပဒေများကို

၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ယနေ့ကျင်းပသည့်အစည်းအဝေးသည် အမျိုးသားမြေအသုံးချမှုကောင်စီ ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပထမဆုံးအစည်းအဝေးဖြစ်ပါကြောင်း၊ မြေယာသိမ်းဆည်းမှုများ၊အငြင်းပွားမှုများ၊ တိုင်တန်းမှုများလည်း များပြားလာခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဖြေရှင်းရမည့်နည်းလမ်းများလည်း ရှုပ်ထွေးများပြားသည့်အတွက် မြေယာစီမံအုပ်ချုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ကာ အကျိုးဆက်အနေဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေ

ကျင်းပကာ အကြိမ်ကြိမ်ညှိ... ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ... ဆွေးနွေးပွဲများမှရလဒ်များနှင့် ဆွေးနွေးချက်များကို အခြေခံပြီး ဇန်နဝါရီတွင် အမျိုးသားမြေအသုံး... အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

...

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေး အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု၊ Cyclone Shelter ဆောက်လုပ်ထားရှိမှုနှင့် ဆောက်လုပ်ရန်သင့်တော်သည့် မြေနေရာ ရွေးချယ်ရေး၊ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်ရပ်ကွက်ရှိ မြစိမ်းရောင် ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တအရိယဝံသအား သွားရောက်ဖူးမြော်ပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် Gas မီးဖိုများ လှူဒါန်းသည်။

အလားတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ အောင်မြေဇောတိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ATOM တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည့် မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာသုံးရွာတို့မှ ဒေသခံပြည်သူများအတွက် ATOM နှင့် We Love Rakhine အဖွဲ့တို့က ဆန်၊ စားသောက်ဖွယ်ရာများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ကျောက်တော် စိုက်ပျိုးရေးသိပ္ပံကျောင်း ပြန်လည်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဒေသအတွင်းရှိ ရေလုပ်ငန်းရှင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးပြောကြားပြီး ရေလုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးအခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



နယ်လှည့်ဆေးကုသရေးအဖွဲ့က နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၃**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သဲချောင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် သောက်ရေသန့်များ လှူဒါန်းပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အမှတ်(၄)ရပ်ကွက်၌ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ မြက်ပင်၊ ပေါင်းပင်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့်ပူးပေါင်း၍ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ရှိ အောင်မြေဘုန်းတော်ကြီးကျောင်း၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန် ကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အမ်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌ (၁၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲပြုလုပ်



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အမ်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌ (၁၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲပြုလုပ်ခြင်း။**

**နေပြည်တော် ဇွန် ၂၃**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အမ်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌ (၁၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဓမ္မသုခ ဗိမာန်တော်၌ပြုလုပ်ရာ မြို့နယ်ဩဝါဒါစရိယ သဒ္ဓမ္မဇောတိကဓဇ မြို့ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဓိကအမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တဝဏ္ဏိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ဝတ်ရွတ်အသင်းတို့က ပဋ္ဌာန်းအမွန်းကို ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် မြို့ဦးကျောင်းတိုက်ဆရာတော်က ဩဝါဒချီးမြှင့်ပေးသည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စပ်စီကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတက ပဋ္ဌာန်းအနုမောဒနာဂါထာကို ရွတ်ဖတ်ပူဇော်ပြီး ဆုတောင်းပြည့်ကျောင်းတိုက်မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အတွင်းရေးမှူးဆရာတော် ဘဒ္ဒန္တသုခိန္ဒရိယက အောင်ဂါထာ ရွတ်ဖတ်ပူဇော်ပေးသည်။ ယင်းနောက် မြို့ဦးကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၃**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးက စစ်တုရင်ပထမဆုံးရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် ၁၃ ခုမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၂၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး စစ်တုရင်ပထမဆုံးရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးစဉ်။**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်




**နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။**

အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် ၎င်းတို့နှင့်အတူ ပါလာသည့် ပစ္စတိုသေနတ် နှစ်လက်ကို အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူ၍ ပစ္စတိုနှစ်လက်အတွက် ဆုကြေးငွေ သိန်း ၄၀ နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**





Operation ၃၉ ဆောင်ရွက်စဉ်အတွင်း Precursor Case ၂/၂၀၂၃ အနေဖြင့် ဖမ်းဆီးရမိမှုများ။

**၂၀၁၉ ခုနှစ်မှ ၂၀၂၃ (ဇွန် ၁၈)ထိ ပင်လယ်ရေကြောင်းမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု**

| စဉ် | ခုနှစ် | အမျိုးအမည် | | | အမှုပေါင်း | ဖမ်းဆီးရမိတရားခံ |
|---|---|---|---|---|---|---|
| | | စိတ်ကြွဆေး (ပြား) | အိုက်စ် (ကီလို) | ကက်တမင်း (ကီလို) | | |
| ၁ | ၂၀၁၉ | - | ၂,၉၇၅ | - | ၂ | ၁၆ |
| ၂ | ၂၀၂၀ | ၁၉၀,၀၀၀ | ၆,၄၁၀ | ၄၉၀ | ၅ | ၂၉ |
| ၃ | ၂၀၂၁ | - | ၂,၅၀၀ | ၄၇ | ၂ | ၁၇ |
| ၄ | ၂၀၂၂ | ၃,၀၀၀,၀၀၀ | ၆,၉၅၃ | ၈၀၀ | ၈ | ၆၉ |
| ၅ | ၂၀၂၃ (ဇွန်လ ၁၈) | - | ၅,၆၉၅ | - | ၄ | ၁၇ |
| | စုစုပေါင်း | ၃,၁၀၉,၀၀၀ | ၂၄,၅၃၃ | ၁,၃၃၇ | ၂၁ | ၁၄၈ |

*ရင်းမြစ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့*

**စာမျက်နှာ ၂၂ မှအဆက်**

**ပင်လယ်ရေကြောင်း တားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်ခဲ့မှုများ**

ဒေသတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲမှုပုံစံနှင့် သုံးစွဲသည့်မူးယစ်ဆေးဝါးများ ပြောင်းလဲလာခြင်းသည် ထုတ်လုပ်သည့်ပုံစံနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို သက်ရောက်လျက်ရှိသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကုန်းမြေနယ်နိမိတ်နှင့် လမ်းကြောင်းတစ်လျှောက် စစ်ဆေးရေးဂိတ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲစစ်ဆင်ရေးများ ဆောင်ရွက်နိုင်ခြင်းများသည် ကုန်းမြေလမ်းကြောင်းများကိုအသုံးပြုပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်လာရာမှ ရေလမ်းကြောင်းအသုံးပြုကာ သယ်ဆောင်ရောင်းဝယ်သည့်ပုံစံသို့ ပြောင်းလဲလာခဲ့သည်။ ပင်လယ်ရေလမ်းကြောင်း အသုံးပြုပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု မြင့်တက်လာသကဲ့သို့ တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာမှ ဖမ်းဆီးရမိမှုများ မြင့်တက်လာလျက်ရှိသည်။

**ဖြေရှင်းဆောင်ရွက်နေရမှုများ**

ပင်လယ်ရေကြောင်း၏ အားသာချက်များကိုအသုံးချပြီး နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများသည် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ခါးသီးစွာခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ကုန်းမြေနယ်နိမိတ်အတွင်း တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ သယ်ဆောင်ရာလမ်းကြောင်းများတစ်လျှောက် စစ်ဆေးရေးဂိတ်များကို တိုးချဲ့ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့်ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ အရင်းခံဖြစ်သော ပရီကာဆာဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုများကို ထိန်းချုပ်နိုင်ရန် အထူးစစ်ဆင်ရေးအား ဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ဓာတုပစ္စည်းများသည် စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုနေရသဖြင့် နိုင်ငံတော်မှ ဓာတုပစ္စည်းတင်သွင်းမှုများကို တရားဝင်ခွင့်ပြုပေးခဲ့သော်လည်း အချို့လုပ်ငန်းရှင်များ၏ မသိနားမလည်မှု/ အမြတ်အစွန်းရလိုမှုများကြောင့် တရားဝင်ခွင့်ပြုပေးထားသော ဓာတုပစ္စည်းများသည် မူးယစ်ဆေးဝါးချက်လုပ်ရာ နေရာများသို့ ရောက်ရှိနေလျက်ရှိသည်။ ထိုအချက်များကို ထိန်းချုပ်နိုင်ရန်အတွက် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် ကျင်းပပြုလုပ်ပြီး အသိပညာ



၅-၂-၂၀၂၃ ရက်နေ့ တပ်မတော်(ရေ)မှ မြန်မာ-အိန္ဒိယ အမှတ်(၂)ဖွဲ့ငှ၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ မြန်မာရေပိုင်နက်အတွင်း အိုက်စ် ၁၉၁၀ ကီလိုဖမ်းဆီးရမိမှု။

ပေးခြင်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ပင်လယ်ရေကြောင်းမှ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို တားဆီးနိုင်ရန်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ရေကြောင်းရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ရာလမ်းကြောင်းများ၊ ဆိပ်ကမ်းများ၊ ရပ်ကွက်/ကျေးရွာအတွင်းရှိ ဒေသခံဆိပ်ကမ်းများ၊ ကမ်းကပ်နိုင်သည့် နေရာများကိုလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များက အနီးကပ်စောင့်ကြည့်ခြင်း၊ သတင်းစုဆောင်းထောက်လှမ်းခြင်းများ ပြုလုပ်နေလျက်ရှိသည်။ တပ်ဖွဲ့ဝင်များရောက်ရှိသွားလာရန် ခက်ခဲသော ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို တားဆီးနိုင်ရေးအတွက် တပ်မတော်နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော နယ်မြေအတွင်းဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးပြဿနာကြီးကို ဖြေရှင်းနိုင်ရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်နေမည်ဖြစ်သည်။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အတွင်း ခေါင်းဆောင်သူများ၏ အမြော်အမြင်ရှိမှု၊ ခေါင်းဆောင်မှုကောင်းမွန်မှု၊ တပ်ဖွဲ့ဝင်များ၏လုပ်ငန်းအပေါ် စေတနာထားမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ကြိုးပမ်းဆောင်ရွက်တတ်မှု၊ ထိုးထွင်းတီထွင်လုပ်ကိုင်တတ်မှုနှင့် စနစ်တကျရှိမှု၊ အဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကြောင့် မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍသည် အထိုက်အလျောက်အောင်မြင်မှုသမိုင်းမှတ်တိုင်ကို ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

**မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ခံယူထားချက်**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ အကူအညီနှင့် အထောက်အပံ့များ ရရှိသည်/မရရှိသည်ဖြစ်စေ မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းရေး သမိုင်းကပေးသည့် အမျိုးသားရေးတာဝန်အဖြစ် ခံယူထားပြီးဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မပါဘဲ မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းနိုင်ရေး အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမမှန်သော အဖွဲ့အစည်းများ၊ နိုင်ငံရေးကိုဦးစားပေးသော အဖွဲ့အစည်းများနှင့်လည်း အကောင်းဆုံးသော ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထိုအဖွဲ့အစည်း၊ နိုင်ငံများ၏ ချီးကျူးဂုဏ်ပြုမှု/အပြစ်တင်မှုများကို အနည်းငယ်မျှပင် စိတ်ထဲအလျဉ်းမရှိဘဲ မိမိတို့ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းရေးကို ဆန္ဒမှန်၊ နှလုံးသားအမှန်၊ ခံယူချက်အမှန်ဖြင့် ရှေ့ဆက်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုထားပါကြောင်း တင်ပြအပ်ပါသည်။ ။

❖ **ကျောဖုံးမှအဆက်**

ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပွဲချိန်ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် မြဝတီအက်ဖ်စီအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင် နိုင်ဇင်သက်နှင့် ပွဲချိန် ၈၃ မိနစ်တွင် ဟိန်းဇေယျာမင်းတို့က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ မြမြခိုင်သည် ၎င်းအသုံးပြုသည့် "Mya Mya Khaing" Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကတွန်ကျေးရွာနေ ယွန်းဖြူဖြူခိုင်သည် ၎င်းအသုံးပြုသည့် "Yoon Phyu Phyu Khaing" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သောင်းကြီးလေးကျေးရွာနေ သက်ဆွေဦး(ခ)ရာဇာကြီးသည် ၎င်းအသုံးပြုသည့် "Yar Zar Gyi" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w Kv M @

# စား၍မကုန် ရိုးသောဂုဏ်

သာလွန်(နတ်မောက်)




(၁)

"တီ တီ ဝူး ဝူး"

"ဟာ ဟိုမှာအမှိုက်ကားလာပြီဟေ့"

အမှိုက်ကားတစ်စီးပြေးဝင်လာသည်နှင့် ကလေးတစ်သိုက် အလုအယက်ကားနောက်ပြေးလိုက်ကြသည်။

"ညီမလေးနေပူနေတယ်။ ဒီသစ်ပင်အောက်မှာ ခဏနေခဲ့နော်။ ကိုကို ကားနောက်လိုက်ကြည့်လိုက်အုံးမယ်။ ပစ္စည်းတွေကြည့်ထားနော်"

ပြောပြောဆိုဆို ပုညတစ်ယောက်ပြေးသွားရင်း ကားကိုတွယ်တက်လိုက်သည်။ ပါလာသောပစ္စည်းများကို အလုအယက်လုယူကြသည်။ ကားရှင်က ထိခိုက်မည်စိုး၍ ဆူငေါက်နေသော်လည်း ဂရုမစိုက်နိုင်ပေ။ ရသမျှပစ္စည်းလေးများစုပြီး ညီမလေးဆီ အပြေးပြန်လာခဲ့သည်။

"ညီမလေးရေ ဒီမှာကြည့်စမ်း။ ကိုကိုရေသန့်ဘူးတွေကော၊ သံတိုသံစတွေကောရခဲ့တယ်ကွ ဟား ဟား"

"ဟုတ်ပ၊ ကိုကို။ ဒီနေ့ပိုက်ဆံများများရမှ အဘွားအတွက် ဆေးဝယ်လို့ရမှာလေ"

"ဒါပေါ့ ညီမလေးရ။ ညီမလေးလဲ ထမင်းဆာရောပေါ့။ လမ်းမှာတွေ့တဲ့ဟာလေးတွေကောက်ရင်း အိမ်တစ်ခေါက်ပြန်ရအောင်လေ"

"ဟုတ်ကိုကို၊ ဟင် ကိုကို့ခြေထောက်မှာသွေးတွေ"

"နည်းနည်းပါညီမလေးရယ်။ ခုနက ကားပေါ်မှာ လုကောက်ရင်း သံစူးမိတာ၊ ကိစ္စမရှိဘူး လာသွားစို့"

"ဟုတ် ကိုကို"

ပုညတို့မောင်နှမနှစ်ယောက် လမ်းတွင်တွေ့သည့်ပစ္စည်းများကောက်ရင်း ပုညက ကိုယ့်ဘဝကိုပြန်တွေးနေမိသည်။ ငယ်ငယ်ကတည်းက အဖေဘယ်သူမှန်းမသိသလို အမေကလည်း သူတို့မောင်နှမသိတတ်စအရွယ်ကတည်းက ပစ်ထားခဲ့၍ ယခုလက်ရှိ အဘွားက မွေးစားပြီး လုပ်ကိုင်ရှာဖွေကျွေးထားသဖြင့် လူလားမြောက်လာခဲ့သည်။ ယခုတော့ အဘွားဖြစ်သူက ကျန်းမာရေးမကောင်းတော့ အဘွားနှင့် ညီမလေးအတွက်စရိတ်ကို ပုညတစ်ယောက် ဘူးခွံ၊ ပုလင်းခွံကောက်ရင်း ကြိုးစားရှာဖွေရသည်။ လွယ်တော့မလွယ်လှပေ။ ကျေးဇူးရှင်အဘွားနှင့် ညီမလေးအတွက် တာဝန်ယူနေရတော့ ပင်ပန်းသော်လည်း ရက်မပျက်ခဲ့ပေ။

(၂)

"ကိုကို ဟိုမှာအဟောင်းဝယ်တဲ့ဆိုင်ရောက်ပြီလေ။ ခုနကပြောတော့ ဟင်းဝယ်မလို့ ထမင်းဆိုင်ရောက်ရင်ပြောဆို"

"ဪ. . . အေးအေးညီမလေး ပစ္စည်းတွေရောင်းရအောင် လာလာ"

ညီမဖြစ်သူပြောမှ အတွေးစပြတ်ပြီး ကျောမှာပိုးထားသောအိတ်ကြီးကိုကြည့်လိုက်တော့ ကောက်လိုက်တာ တော်တော်ရနေ၍ တွေးရင်းကျေနပ်စွာပြုံးမိသည်။

"ဒေါ်လေးပြုံး ရောင်းစရာတွေပါတယ်နော်"

"ဟော ပုညတို့မောင်နှမ ဒီနေ့တော့စောလှချေလားကွယ့်"

"ဟုတ်တယ်ဒေါ်လေးပြုံးရေ။ အဘွား သိပ်နေမကောင်းလို့ ရတာလေးအရင်ရောင်းပြီး ဆေးဝယ်တိုက်မလို့ပြန်လာတာပါဗျာ။ ညနေကျ တစ်ခေါက်ထပ်ထွက်ကောက်အုံးမှာလေ"

"ဪ. . . အေးအေး ကဲကဲ မင်းတို့ပစ္စည်းတွေကတ္တားပေါ်တင်ချိန်လိုက်မယ်"

"ငွေ ၂၁၀၀ ဖိုးပဲရှိတယ်။ ရော့ ငွေ ၂၅၀၀ ပေးလိုက်တယ်နော်"

"ဟုတ်ကဲ့ဒေါ်လေး၊ ကျေးဇူးပါခင်ဗျာ"

"အေးအေးသွားကြ နေမြင့်နေပြီ"

ပစ္စည်းဥစ္စာမရှိသော်လည်း ရိုးသားကြိုးစားသည့် ပုညတို့မောင်နှမနှစ်ယောက်ကို လူတိုင်းချစ်ခင်ကြသည်။ ထိုအထဲမှာ ဒေါ်ပြုံးတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

"အဘွား ထမင်းစားပြီး ဆေးသောက်လိုက်အုံးနော်။ ညီမလေး အဘွားမေ့နေရင် သတိပေးလိုက်အုံးနော်။ ထမင်းစားပြီးနားနေတော့။ ကိုကို ညနေတစ်ခေါက်ပြန်သွားအုံးမယ်"

"မြေးလေးရယ် အပြင်မှာမိုးတွေကအုံ့နေတာ ရွာမယ်ထင်တယ် မသွားပါနဲ့လားကွယ်။ တော်ကြာဖျားနာနေမှဖြင့်"

"ဟုတ်တယ်ကိုကို မိုးတွေရွာတော့မယ်"

"ဘာမှမဖြစ်ပါဘူးကွာ။ မိုးရွာနေပူ အမှိုက်ပစ်တဲ့သူကပစ်တာပဲလေ။ ဟိုတယ်တွေက အမှိုက်ကားတွေဟာ သူ့အချိန်ဆိုလာပစ်ရတယ်လေ။ မိုးရွာနေပူ မရှောင်ကြဘူးကွ။ ပြီးတော့ ဟိုတယ်ကအမှိုက်ကားတွေကမှ ပစ္စည်းအစုံရတာကွ"

"တားမရလဲသွားပေါ့ မြေးရယ်။ အန္တရာယ်တွေကင်းအောင်လုပ်နော်။ ခြေထောက်ကသံစူးနာကို ပုဆိုးစုတ်နဲ့ချည်ထားအုံး။ မင်းပြန်လာမှ သံပရာရည်အနာထဲထည့်ပေးမယ်။ ဂရုစိုက်အုံးနော်"

"ဟုတ်ကဲ့အဘွား သွားပြီနော်။ ညီမလေးမလိုက်တော့နဲ့ အဘွားနားနေပြီး ကိုကိုမှာတာလုပ်ထားနော်"

"ဟုတ် ကိုကို"

(၃)

မိုးကလည်း အိမ်ကထွက်ခါမှ သဲကြီးမဲကြီးရွာချပါလေတော့သည်။ မတတ်နိုင်ဘူး ထမင်းနပ်မှန်ရန်နှင့် အဘွားဆေးဖိုးလေးပုံမှန်ရရန်က အဓိကပင်။

လျှောက်လာရင်း အမှိုက်ကုန်းရောက်တော့ မိုးရွာနေ၍ လူသိပ်မရှိ။ အမှိုက်ပစ်သူများမလာမီ မိုးခိုရင်း သစ်ပင်အောက်ဝင်နေစဉ် အမှိုက်ကားတစ်စီးဝင်လာတော့ ချမ်းတုန်နေသည်မှာပျောက်သွားပြီး ဝမ်းသာသွားသည်။ ကိုယ်တစ်ယောက်တည်း အမှိုက်များရတော့မည်။ အခြားသူများ မလာကြတော့ ပိုပျော်မိသည်။ မိုးရွာနေသဖြင့် ကားပေါ်မှ လူသန့်သန့်တစ်ယောက်ကဆင်းပြီး အမှိုက်ချမည့်နေရာပြကာ သွက်သွက်ပြန်မောင်းထွက်သွားလေသည်။ ပုညတစ်ယောက်တည်း အမှိုက်ကားကချခဲ့သော ဘူး၊ ပုလင်းခွံများကိုရှာဖွေရင်း ကျန်ရစ်ခဲ့လေသည်။ ပစ္စည်းများကျောပိုးအိတ်ကြီးထဲထည့်ရင်း တစ်နေရာအရောက်တွင် ရေစိုခံအိတ်နှင့်ထည့်ထားသော ဖုန်းအကောင်းစားတစ်လုံးတွေ့ရ၍ ဝမ်းသာသွားသည်။ အစတော့ လောဘစိတ်ဝင်ပြီးရောင်းလိုက်လျှင် လိုအပ်နေသည့်ကွက်လပ်များ အလိုလိုပြည့်မှာသိသော်လည်း ပျောက်ဆုံးသူကာယကံရှင်တော့ စိတ်ပူနေမှာပဲဟု တွေးမိကာ ပြန်အပ်ရန်စိတ်ကူးလိုက်သည်။

"ဒေါ်လေးပြုံး သားဒီနေ့မိုးရွာထဲက ဖုန်းအကောင်းစားတစ်လုံးကောက်ရတယ်ဗျ"

"ဟေဟုတ်လား ပြစမ်းဟယ်။ ဟုတ်ပ၊ တကယ်အကောင်းစားကြီး မင်းတော့ပွပြီပုညရေ။ ရောင်းစားလိုက်တော့"

"သား မရောင်းချင်ပါဘူး ဒေါ်လေးရယ်။ ပျောက်တဲ့သူက သူ့ဖုန်းအကောင်းစားလေးပျောက်လို့ စိတ်သောကရောက်နေမှာပေါ့။ သားပြန်ပေးမှာပါ။ အဘွားကလဲ မှာထားတယ် သူများပေးတာမဟုတ်ရင် ဘယ်ပစ္စည်းမှ မယူရဘူးတဲ့"

"ဪ. . . အေးပါသားရယ်"

"ဖုန်းကိုဒေါ်လေးဆီပေးခဲ့မယ်။ သူဖုန်းတော့ဆက်မှာပါ။ အဲဒီကျရင်ကိုင်လိုက်လေ။ နေရာပြောပြီးပြန်ပေးလိုက်ပေါ့"

"တော်လိုက်တဲ့ကလေးရယ် မင်းစေတနာ မင်းအကျိုးပေးမှာပါကွယ်"

"ဒေါ်လေးရေ သွားပြီ။ သားဟင်းချက်စရာဝယ်ရအုံးမယ်။ ဒီညနေ ပိုက်ဆံ ၃၀၀၀ ရလို့ ပျော်တယ်ဗျို့ သွားပြီနော်"

ငွေကြေးဥစ္စာမရှိသော်လည်း ရိုးသားသည့်ပုညကို ဒေါ်ပြုံးတစ်ယောက် အရင်ကထက်ပိုချစ်မိတော့သည်။

(၄)

"ပုညရေ ပုည ဟေ့ပုည"

"ကိုကို ထပါအုံး။ ရပ်ကွက်ထဲကလူကြီးတွေနဲ့ လူတွေအများကြီးလာနေတယ်။ ကိုကို့ကိုလဲ ခေါ်နေတယ် ထပါအုံး"

"ဟေ ဟုတ်လား"

"မြေးလေးပုည ဘာမဟုတ်တာတွေလုပ်ထားသေးတုံး ငါ့မြေး"

"သားဘာမှမလုပ်ပါဘူး အဘွား။ တကယ်ပြောတာပါ"

"အေးအေး ငါ့မြေးကိုယုံပါတယ်ကွယ်။ အဘွားဖြေရှင်းလိုက်မယ်"

"ဪ. . . အဘွား။ ဒီအိမ်လေးက ပုညတို့အိမ်လားခင်ဗျာ"

"ဟုတ်ပါတယ် ဘာကိစ္စများရှိလို့လဲကွယ်"

"ဟိုလေ ပုညဆိုတဲ့ကလေးကို တွေ့ချင်လို့လာခဲ့တာပါခင်ဗျာ"

"မြေးလေးက ဘာများမဟုတ်တာလုပ်မိလို့လဲကွယ်"

"ဘာမှမဟုတ်တာမလုပ်မိပါဘူးခင်ဗျာ။ ဒီလိုပါ မနေ့က အမှိုက်ကုန်းမှာအမှိုက်ပစ်သွားတာ ဟိုတယ်မန်နေဂျာက ခဏလိုက်လာရင်း တစ်နေရာမှာ သူ့ရဲ့ဖုန်းကျနေခဲ့တာ။ ဖုန်းဆက်ကြည့်တော့ ကောက်ရတဲ့သူကလာအပ်ထားလို့ သိမ်းထားပါတယ်ဆိုလို့ ကျွန်တော်တို့လာယူတာပါ။ အခု ဖုန်းကယူပြီးပါပြီ။ ဖုန်းကောက်ရတဲ့ကလေးကိုကျေးဇူးဆပ်ချင်လို့ အခုလိုအိမ်ကိုလာတွေ့တာပါခင်ဗျာ။ ဟောဒါ ကျွန်တော်တို့ဟိုတယ်မန်နေဂျာက ပေးလိုက်တဲ့ပစ္စည်းတွေပါအဘွား"

"ဪ. . . အေးပါကွယ်။ အခုမှပဲနားလည်တော့တယ်။ ပုညကိုခေါ်ပေးပါ့မယ်ကွယ်"

"ဟုတ် ခေါ်ပေးပါခင်ဗျာ။ ကျွန်တော်တို့လဲ တွေ့ချင်လှပါပြီခင်ဗျာ"

"မြေးလေးရေ ပုည ဒီမှာ ဧည့်သည်တွေက တွေ့ချင်လို့တဲ့ ခဏလာပါအုံးကွယ်"

"ဟုတ်ကဲ့ အဘွား"

"ပုညဆိုတာသူပါပဲကွယ်။ အဘွားကို ရိုးရိုးသားသားနဲ့ ရှာဖွေကျွေးနေတဲ့ကလေးလေးပါ"

"တွေ့ရတာဝမ်းသာလိုက်တာညီလေး။ အစ်ကိုတို့က တော်ဝင်နန်းဟိုတယ်ကပါ။ မန်နေဂျာက ကျေးဇူးတင်လွန်းလို့ ညီလေးကိုကျေးဇူးဆပ်ချင်လို့တဲ့။ ဖုန်းကတန်ဖိုးသိပ်မရှိပေမဲ့ ဖုန်းထဲကအချက်အလက်တွေက သိပ်ကိုအရေးကြီးတယ်လေ။ ညီလေးက ရိုးသားလို့ပြန်ရတာပါ။ တကယ်လဲ ကျေးဇူးတင်ပါတယ်။ ဒါကမန်နေဂျာကပေးခိုင်းတာပါ လက်ဆောင်ပစ္စည်းတွေနဲ့ ဆေးတွေပေါ့။ ဒါက ညီလေးရဲ့ရိုးသားတဲ့စိတ်ဓာတ်ကို ဂုဏ်ပြုတဲ့ငွေသုံးသိန်းလက်ခံပေးပါ။ ပြီးတော့ အစ်ကိုတို့မန်နေဂျာက မနက်ဖြန်ဟိုတယ်လာတွေ့ဖို့ဖိတ်ခေါ်ပါတယ်တဲ့။ ဆက်ဆက်လာခဲ့နော်"

"ဟုတ် ဟုတ်ကဲ့ခင်ဗျာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ပုညတစ်ယောက် ကိုယ့်ကိုယ်ကိုယ် အိပ်မက်မက်နေသလားဟုထင်ရအောင် မယုံကြည်နိုင်အောင်ဖြစ်ခဲ့သည်။

"အစ်ကိုတို့ကို ပြန်ခွင့်ပြုပါအုံးညီလေး။ မနက်ဖြန်ဆက်ဆက်လာခဲ့ဖို့ ထပ်မှာခဲ့မယ်နော်"

"ဟုတ်ကဲ့ လာခဲ့ပါမယ်ခင်ဗျာ"

(၅)

လှည့်ပြန်သွားကြသောလူအုပ်ကြီးကို လက်ပြနှုတ်ဆက်ရင်း ပုညတစ်ယောက် ထခုန်မတတ်ပျော်ရွှင်နေမိသည်။ အဘွားနှင့်ညီမလေးပါ ပျော်ရွှင်ကြရပြီ။ လိုအပ်သောကွက်လပ်လေးပြည့်စုံရုံမျှမက နောက်တစ်နေ့နံနက် ၉ နာရီမှာ ဟိုတယ်ရောက်သွားတော့ ဝမ်းပန်းတသာကြိုကြရင်း သင့်တော်မည့်နေရာအလုပ်ပေး၍ ပုညတစ်ယောက် လမ်းဘေးနေရသည့်ဘဝမှ ဟိုတယ်ဝန်ထမ်းဖြစ်ခွင့်ရခဲ့ပါပြီ။ ရိုးသားခြင်း၏ ဂုဏ်ရလဒ်သည် ပုညအတွက် အတိုင်းအဆမရှိ တိုးတက်ပြောင်းလဲခဲ့ရပါတော့သည်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ရေချိုငါးပိတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိ



**မော်လမြိုင်ကျွန်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ရေချိုငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိလာသဖြင့် ငါးပိလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလာကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးအေးသင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလနှင့် မေလက ရေချိုငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ သာဈေးရှိခဲ့ပြီး ဇွန် ၁ ရက်မှ ယနေ့ထိ ရေချိုငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါရေချိုငါးပိများကို ရန်ကုန်မြို့က ဝယ်ယူမှု အားကောင်းလာသည့်အတွက် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ရေချိုငါးပိက လူကြိုက်များတယ်။ အရသာလဲရှိတယ်။ ဒီရေချိုငါးပိကို ငါးရံ့၊ မွေးမြူရေးဂျပန်ငါးနဲ့ ငါးပနော်ငါးတွေ ပေါင်းစပ်ပြီး လုပ်တာပါ။ အသားပေါတဲ့ငါးတွေကို ပေါင်းပြီးလုပ်တာမို့ ငါးပိကောင်းပါတယ်။ အခု ဒီရေချိုငါးပိတွေကို မော်လမြိုင်ကျွန်းမြို့နယ်အပြင် ရန်ကုန်ဘက်ကပါ အဝယ်လိုက်နေတယ်။ ငါးပိလုပ်ဖို့ ကုန်ကြမ်းကလဲ ရှားပါးလာတာကြောင့် ဈေးကောင်း ရရှိနေတာပါ။ အခုလို အရောင်းအဝယ်လဲကောင်း၊ ဈေးကလဲ ကောင်းလာလို့ ငါးပိလုပ်ငန်းလုပ်တဲ့သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးပိငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးအေးသင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် ရေချိုငါးပိများကို ရန်ကုန်မြို့သို့ စနစ်တကျထုပ်ပိုးရောင်းချနေကြောင်း၊ အဆိုပါရေချိုငါးပိမှာ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် မုဂ္ဂဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မုဂ္ဂဒိကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မုဂ္ဂဒိကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို ဒုတိယအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၃၀ ကို ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# စလင်းမြို့နယ် ညောင်လက်တိုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**စလင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမကောကျေးရွာအုပ်စု ညောင်လက်တိုကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်အေးမြင့်မြတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

ညောင်လက်တိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းမိုး**

## မိုးဦးအစ တေးသဘာဝ

\- သံစိစိ ငှက်ကျေး
နှုတ်ဆက်တေး သူတို့ဆို၊
အရွေ့ရောင်နီ ပြည့်ပြည့်ဝန်း
တင့်ရွှန်းကာ နေ့အစ
လုပ်ပါရဲ့ပို၊
ကမ္ဘာမြေက စိမ်းစိမ်းစို
နေ့သစ်ကြို နံနက်ခင်း၊
လေချိုရာ
ရွှေပြည်ရွာ ပြေးပုံ့ပုံ့
မွှေးရနံ့သင်း။

\- ဝသန်ခါ ခေါင်သနင်း
ဆောင်ကြဉ်းခဲ့ မိုးတိမ်ပြာ၊
ရာသီခွင် သွားအလှည့်သို့
ရောက်ခဲ့လို့လာ၊
သူရိန်မင်းက ညှိုးငယ်စွာ
ကောင်းကင်မှာ မျက်နှာမွဲ၊
ဝတိုင်
တိမ်ညိုမှာ လေဖြိုဖျန်းတော့
မိုးပန်းတွေဖွဲ့။

\- ဦးကြီးတွေ မိုးရေထဲ
ပျိုးကြဲဖို့ ထွန်ရေးဝင်၊
ညက်ညက်ထွန် စိပ်စိပ်စိုက်
မိုးဖြိုက်ချိန်တွင်၊
ပျိုးစပါး သန့်သန့်စင်
အပင်သန်မှ အသီးကောင်း၊
ရွှင်သကို
မငြင်ပြိုင် တစ်အားတက်လျက်
နွားဖက်လို့မောင်း။

\- ညနေချိန် နွားကိုကျောင်း
စားကောင်းဖွယ် မြက်မြေစာ၊
လယ်ပြင်မှာ ရေတွေဖွေးတော့
ချိုတေးသံသာ၊
ပျိုမေတို့ ကောက်စိုက်ရာ
အပြန်မှာ ဟင်းရွက်ခူး၊
နတ်သုဓာ
မပြတ်လုပ်ကာ ယွင်းမပျက်
ဟင်းတစ်ခွက်ထူး။

\- တစ်နေ့တာ ရွှေ့ကာကူး
ဖြာလူးတဲ့ အလင်းမှောင်၊
ရေနံဆီ မီးခွက်ကလေးက
ရေးရေးငယ်ဆောင်၊
ထမင်းဝိုင်း ထွန်းမပြောင်
အလင်းဆောင်ဖို့ အားခွန်နဲ(နည်း)၊
တွယ်တာမင်
လယ်ယာရှင် ပွေ့ဖက်မဆိုင်း
နေ့ရက်တိုင်းပဲ။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

# ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်များ

**စာဘလ္လာမြဝင်း(ပခုက္ကူ)**

ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ခုနစ်ပါးမှာ **"တောက်တဲ့၊ ဇီးကွက်၊ ရွှေပြည်စိုး၊ ယောက်ဖခွေးခေါ်၊ ဥဩ၊ တစ်တီးတူး၊ ဘုတ်"**တို့ဖြစ်သည်။ ၁၉၉၁ ခုနှစ် ၌ မြန်မာစာအဖွဲ့ (ပညာရေးဝန်ကြီးဌာန)က ထုတ်ဝေသော "မြန်မာစကားပုံ"စာအုပ်၌ ဖွင့်ဆိုထားသည်။ အဆိုပါခုနစ်ကောင်သည် မိမိအမည်ကို ထုတ်ဖော်သဖြင့် မသူတော်စာရင်းဝင်များဖြစ်ကြသကဲ့သို့ မိမိဂုဏ်ကို မိမိကိုယ်တိုင်ဖွင့်ဟကြွားဝါသူသည်လည်း မသူတော်စာရင်းဝင်ပင်ဖြစ်သည်။

ကမ္ဘာပေါ်၌ ငှက်မျိုးစိတ်ပေါင်း ၈၆၀၀ ရှိသည်ဟု ခန့်မှန်းကြသည်။ ကမ္ဘာအနှံ့အပြားတွင် တွေ့ရသည်။ တောင်အမေရိကတိုက်တွင် မျိုးစိတ်ပေါင်း ၃၅၀၀ ကျော်ရှိသည်။ ဥရောပတိုက်တွင် မျိုးစိတ်ပေါင်း ၆၀၀ ခန့်သာရှိ၏။ မြန်မာနိုင်ငံသည် တောင်ဘက်ရှိ မလေးရှားဒေသများမှ မြောက်ဘက်တွင် တိဗက်၊ ဟိမဝန္တာတောင်ခြေထိ ၁၂၅၀ မိုင်ခန့်ရှည်လျားသည်။ ထူးခြားသောပထဝီမြေအနေအထားကြောင့် ငှက်မျိုးပေါင်း ၅၀၀ ကျော်အတွက် ကွဲပြားခြားနားသော ကျက်စားရာပတ်ဝန်းကျင်ဒေသများရှိသည်။

ငှက်များအသံပြုခြင်း၏ အဓိကရည်ရွယ်ချက်မှာ သူ၏ပိုင်နက်ကို ကာကွယ်ရန်အတွက် မိတ်ဖက်ရှာရန်ဖြစ်သည်။ ငှက်ဖိုသည် မိမိပိုင်နက်ကို အဓိကအားဖြင့် အသံပြု၍ ကာကွယ်သည်။ သို့သော် ကျူးကျော်သည့် ပြိုင်ဖက်ငှက်သည် မျိုးစိတ်တူငှက်ဖိုဖြစ်လျှင် အနေးနှင့်အမြန် မိမိပိုင်နက်အတွင်းမှ မောင်းနှင်ထုတ်ပေမည်။

**တောက်တဲ့**

တောက်တဲ့သည် ဖွတ်၊ ပုတတ်မျိုးတွင် ပါဝင်၏။ ပူနွေးသောဒေသ၌ တွေ့ရတတ်သည်။ ပါဏဗေဒအလိုဂက်ကိုနီဒီးမျိုးရင်း၌ ပါဝင်၏။ အမြီးထဲတွင် အာဟာရဓာတ်သိုလှောင်ပြီး အစာရှားသောအခါ ပြန်၍အသုံးပြု၏။ မွဲပြာရောင်၊ မီးခိုးရောင်၊ အဖြူရောင်၊ အညိုရောင်အမျိုးမျိုးရှိ၏။ နေ့၌ ငြိမ်သက်ပြီး ညဉ့်၌သာ အော်ဟစ်ကျက်စားလေ့ရှိ၏။ တောက်တဲ့ကိုက်လျှင် အဆိပ်တက်ခြင်း၊ တံတွေးနှင့်ထိလျှင် အဖုအပိမ့်ထွက်ခြင်း၊ အရေပြား၌ အကွက်ပေါ်ခြင်း ယူဆချက်များသည် လုံးဝမှားယွင်း၏။ ပိုးမွှားများကို စားသောက်၍ လူတို့ကိုအကျိုးပြု၏။ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်၌ မြန်မာနိုင်ငံတွင် တောက်တဲ့အရောင်းအဝယ်သတင်းခေတ်စားခဲ့ဖူးသည်။ "မိုးလေချိန်သည့်၊ သစ်နန်းနေသည့်ပညာရှိ"ဟုဆိုသော ပဟေဠိရှိခဲ့ဖူး၏။

**ဇီးကွက်**

ဇီးကွက်သည် ကိုယ်ထည်မကြီးလှချေ။ နေ့၌ မထွက်၊ ညဉ့်မှသာကျက်စားသည်။ ထို့ကြောင့် မြင်ဖူးသူနည်းသည်။ သို့သော် မကြားဖူးသူရှိဟန်မတူ။ အလျား ရှစ်လက်မခန့်သာရှိ၏။ အညိုရောင်လွှမ်းသော အဖြူပြောက်လေးများရောနေတတ်သည်။ ဇီးကွက်မျိုးများစွာရှိ၍ အရွယ်အစားကွဲပြားကြ၏။ အဆင်းသဏ္ဍာန်ချင်းတူ၏။ သို့သော် ဦးခေါင်းဝိုင်းသောမျက်နှာ၊ သန်မာ၍ အဖျားကောက်သောနှုတ်သီးရှိ၏။ ဝန်းဝိုင်း၍ ကြီးသောမျက်လုံးများမှာ ပေါ်လွင်လှ၏။ ဇီးကွက်၏ခြေသည်းသည် အလွန်သန်မာ၍ ချွန်ထက်သည်။ အသံအမျိုးမျိုးပြုတတ်၏။ သားပေါက်ချိန်တွင် ဖိုသံ၊ မသံပေးတတ်၏။ ဇီးကွက်ညငှက်ကို အမည်ဖော်ငှက်ဖြစ်သည့် ခင်ပုပ်ငှက်ဟုခေါ်ကြသေး၏။ "ဇီးကွက်ခင်ပုပ်၊ ကုပ်သလုပ်ကား မိုးချုပ်မှသာ ထွက်ခွာမြဲ၏"ဟု မဃဒေဝ အပိုဒ် ၂၁၀ တွင် တွေ့ရ၏။

သူ၏အော်သံနှင့်ပတ်သက်၍ ကုသပျို့ အပိုဒ် ၂၃၉ တွင် "ညဉ့်လည်နေ့ငှက် ခင်ပုပ်ငှက်လည်း ဇီးကွက်ဆိုယောင်"ဟု တွေ့ရသည်။ ဇီးကွက်နှင့် ကျီးကန်းတို့ ကမ္ဘာ့ရန်ဖြစ်သည်ဟု ၅၅၀ (ဇုဒ္ဓစာပေ) တွင် ပါရှိသည်။ ပိုးမွှား၊ ချေးပိုးထိုး၊ ကြွက်ဝမ်းဖြူများသည် ဇီးကွက်၏အစာဖြစ်သည်။ ဖမ်းဆီးရရှိသော ပိုးမွှားငယ်များကို အသိုက်သို့ဖြစ်စေ၊ သင့်လျော်သောနေရာသို့ဖြစ်စေ ယူဆောင်သွားလေ့ရှိသည်။

**ရွှေပြည်စိုး**

ရွှေပြည်စိုးငှက်ကလေးမြည်သံကို သတိပြုမိသူများရှိနိုင်သည်။ အလွန်သာယာပီသသည်။ အသံကြားရုံနှင့် အမည်ကို ချက်ချင်းဖော်နိုင်အောင် ပီသသည်။ မုံရွေးဆရာတော်က "ရွှေပြည်စိုးလည်း ပြည်စိုးသံရင့် မှည့်ခေါ်တင့်လျက်"ဟု ကုသပျို့၌ ဖွဲ့နွဲ့သီကုံးထား၏။

ရွှေပြည်စိုးငှက်သည် ပျံလွှားငှက်မျိုးတွင် ပါဝင်သည်။ အလျား လေးလက်မခွဲ၊ ငါးလက်မခွဲခန့်သာရှိ၏။ တွေ့မြင်ရနည်းသော်လည်း နာမည်ကြောင့် လူသိများ၏။ ငှက်ဖို၏အထက်ပိုင်းသည် ချောမွေ့မည်းနက်၏။ အချို့တွင်လည်း တောင်ပံ၊ အမြီးအမောက်၊ ကုပ်ပိုးနှင့် ကျောဘက်ပေါ်တွင် အမွေးအတောင်မည်းနက်နေသည်။

ရွှေပြည်စိုးငှက်သည် အမည်လှသကဲ့သို့ သာယာသောအသံကြောင့် မြန်မာစာဆိုများက စာပေဖွဲ့နွဲ့စပ်ဆိုကြသည်။ ပိုးမွှားလေးများကို စားသောက်သည်။ ဧပြီမှ ဇူလိုင်လထိ ရွှေပြည်စိုးငှက်ငယ်များ ပေါက်ဖွားတတ်သည်။ ချုံပင်များမှ အလျားလိုက်၊ ဒေါင်လိုက်ဖြာထွက်နေသော အကိုင်းအခက်တွင် အသိုက်ကို မြက်ဖြင့်ပြုလုပ်တတ်သည်။ အရှေ့တိုင်းနိုင်ငံများ၌ တွေ့ရများ၏။

❖ ကမ္ဘာပေါ်၌ ငှက်မျိုးစိတ်ပေါင်း ၈၆၀၀ ရှိသည်ဟုခန့်မှန်းကြသည်။ ကမ္ဘာအနှံ့အပြားတွင် တွေ့ရသည်။ တောင်အမေရိကတိုက်တွင် မျိုးစိတ်ပေါင်း ၃၅၀၀ ကျော်ရှိသည်။ ဥရောပတိုက်တွင် မျိုးစိတ်ပေါင်း ၆၀၀ ခန့်သာရှိ၏။ မြန်မာနိုင်ငံသည် တောင်ဘက်ရှိ မလေးရှားဒေသများမှ မြောက်ဘက်တွင် တိဗက်၊ ဟိမဝန္တာတောင်ခြေထိ ၁၂၅၀ မိုင်ခန့်ရှည်လျားသည်။ ထူးခြားသောပထဝီမြေအနေအထားကြောင့် ငှက်မျိုးပေါင်း ၅၀၀ ကျော်အတွက် ကွဲပြားခြားနားသော ကျက်စားရာပတ်ဝန်းကျင်ဒေသများရှိသည်။ ❖

**ယောက်ဖခွေးခေါ်**

ယောက်ဖခွေးခေါ်သည် ဥဩငှက်မျိုးဖြစ်သည်။ ထိုငှက်၏အော်သံကို စွဲ၍ဖြစ်သည်။ အရွယ်အစားအားဖြင့် ခိုငှက်ခန့်ရှိ၏။ ငှက်၏အတောင်သည် စွန်တောင်ကဲ့သို့ရှည်၍ အဖျားချွန်လေသည်။ အလျား ၁၃ လက်မခန့်ရှိသည်။ ယောက်ဖခွေးခေါ်ဟူသော အော်သံကို ဆောင်းရာသီကုန်ခါနီး နွေဦးပေါက်အချိန်တွင် သစ်တောတောင်ခြေများ၌ မကြာခဏကြားရလေ့ရှိသည်။ လွင်တီးပြင်၌ တွေ့ရခဲသည်။ ဧပြီလနှင့် မေလတွင် ငှက်ကလေးများ ဥမှပေါက်ကြသည်။ အရှေ့တိုင်းနိုင်ငံများ၌ တွေ့ရသည်။ သစ်တောများ၌ နေလေ့ရှိသည်။

ယောက်ဖခွေးခေါ်သည် ထပ်ခါထပ်ခါ ဟစ်ကြွေးသော်လည်း အသံမှာ ချိုမြိန်လှပေသည်။ အော်သံကို ဇန်နဝါရီလကုန်မှ ဇွန်လအတွင်းတွင် ကြားရသည်။ ယောက်ဖခွေးခေါ်ငှက်များသည် မြန်မာနိုင်ငံရှိ သစ်တောများ၌ အနှံ့အပြားတွေ့ရ၏။ ကွင်းပြင်များမှာ ထက် တောင်ပေါ်တွင် အတွေ့ရများသည်။ ကချင်လူမျိုးတို့သည် ငှက်များ၏အပြုအမူ၊ အလေ့အထကို စိတ်ဝင်စားစွာ လေ့လာကြ၏။ ယောက်ဖခွေးခေါ် အမြီးသည် ဘေးတိုက်ယမ်းလျှင် စပါးနှံများရင့်နေပြီဟု သိရသည်။ အမြီးကို အထက်အောက်လှုပ်သည့်အခါ စပါးနှံများမှည့်၍ ကြွေကျတော့မည်ဟု သိကြသည်။ ယောက်ဖခွေးခေါ် စတင်ခေါ်သည့်အခါ တောင်ယာစပါးစိုက်ရန် အချိန်နှောင်းပြီဟု အဆိုရှိသည်။

**ဥဩ**

မြန်မာနိုင်ငံတွင် ဥဩငှက်ကို မတွေ့ဖူး၊ မမြင်ဖူးသူ အလွန်နည်းသည်။ ဥဩငှက်သည် လူသိများသောငှက်ဖြစ်သည်။ အလျား ၁၇ လက်မခန့်ရှိသည်။ ပန်းနုရောင်ဝေ့နေသော မျက်လုံးကို ဥဩတွင် တွေ့ရ၏။ ပျံသန်းသည့်အခါ ရှည်သောအမြီးနှင့် တို၍ဝိုင်းသော အတောင်များကို ထင်ရှားစွာတွေ့ရသည်။ ဥဩငှက်၏ သာယာချိုအေးလွှမ်းဖွယ်တေးကို လူတိုင်းပင် နှစ်သက်ကြသည်။ ဥဩ၏တေးသံကို ကဗျာဆရာများသည် အမျိုးမျိုးအဖုံဖုံ စာဖွဲ့ကြသည်။ ဥဩအော်သံကြားရလျှင် နွေရာသီရောက်တော့မည်ဟု လူအများနားလည်ကြသည်။

မြေပေါ်သို့ ဆင်းလေ့မရှိပေ။ သစ်ပင်ထက်သာ နေလေ့ရှိ၏။ သစ်ပင်ကြီးများ၌သာ ပုန်းလျှိုးကွယ်လျှိုးနေလေ့ရှိ၏။ အစားအစာများမှာ ညောင်သီး၊ တည်သီး၊ သစ်သီးအမျိုးမျိုးနှင့် ပက်ကျိများကို စားလေ့ရှိသည်။ ဥဩသည် ကျီးကန်းများနှင့် တစ်ချိန်တည်း သားပေါက်လေ့ရှိသည်။ ဥဩဥများကို ကျီးကန်းအသိုက်ထဲတွင် တွေ့ရလေ့ရှိသည်။ "ဥဩတစ်ခွန်း ယင်တစ်ဗွန်း"ဟူသော စကားလည်းရှိသေးသည်။ ဥဩတစ်ခွန်းလျှင် ယင်ကောင်တစ်ဗွန်းဖြစ်သည်။ သို့မဟုတ်ကလည်း ဥဩတွန်သောလတွင် ယင်ကောင်ပေါသည်ဟု ဆိုရပေမည်။ ထို့ကြောင့် "ဥဩနက်စံ ယင်တပ်ရံ"ဟု မုံရွေးဆရာတော်က ဖွဲ့ခြင်းဖြစ်နိုင်သည်။

**တစ်တီးတူး**

အမည်ဖော်ငှက်တို့တွင် တစ်တီးတူးလည်းပါဝင်သည်။ "သိန်းစွန်မလွတ်၊ တီတီတွတ်နှင့် တတ်သည်ဘာသာ၊ သာလိကာလည်း" စသည်ဖြင့် ဂါထာ ၆၀ ပျို့၊ အပိုဒ် ၅၂ တွင် "တီတီတွတ်"ဟု ခေါ်ထားလေသည်။ သို့သော် ကုသပျို့ဆရာကား အပိုဒ် ၂၉၃ တွင် "ပျံလွန်ကွန့်မြူး တစ်တီးတူးလည်း မထူးသညား" ဟုဖွဲ့ခဲ့၏။ တစ်တီးတူးသည် ညအိပ်သောအခါ မိုးပြိုမည်စိုး၍ ခြေနှစ်ချောင်းထောင်ပြီးအိပ်သည်ဟု ပြောကြသည်။

တစ်တီးတူးကို စုံတွဲလိုက်တွေ့ရတတ်သည်။ သဲထူထပ်သော မြစ်ကမ်းပါး၊ ချောင်းကမ်းပါးများတွင် နေလေ့ရှိ၏။ အသီးအနှံစိုက်ပျိုးထားသော ကွင်း၊ ပစ်ထားသော လယ်ကွက်၊ ရေအိုင်များ၌တွေ့ရသည်။ အမည်း၊ အဖြူ၊ အညိုရောင်တို့ဖြင့် လှပသော ငှက်မျိုးဖြစ်၍ ခြေထောက်မှာ ဝါလျက်၊ နှုတ်သီးနီ၏။ ကျယ်လောင်စူးရှစွာ အော်တတ်သည်။ တစ်တီးတူး၏အသံကို မှားနိုင်စရာမရှိပေ။ တစ်တစ် တစ်တီးတူးဟု အော်ကြသည့်စွဲ၍ အမည်ဖော်ငှက်ဖြစ်သည်။

တစ်တီးတူး၏အရောင်မှာ "ပေါက်ထဲကျေး"ကဲ့သို့ ပတ်ဝန်းကျင်၏အရောင်နှင့် နီးစပ်လှသဖြင့် လူတို့အနီးအနားမှ ဖြတ်သွားသော်လည်း မလှုပ်မယှက် ငြိမ်သက်စွာနေ၍ တစ်တီးတူးရှိမှန်းကို မသိနိုင်ချေ။ အနားသို့ အလွန်နီးကပ်အောင် သွားခဲ့ပါမူ ကျယ်လောင်စူးရှစွာအော်၍ ထပျံတတ်သည်။ ထိုနေရာမှ လူထွက်မသွားမချင်း တစ်တီးတူးမောင်မယ်တို့သည် အော်ဟစ်လျက် ဝဲပျံနေတတ်သည်။ ပိုးတုံးလုံး၊ တီကောင်၊ ပိုးမွှားများကို စားသည်။

"သောသောမြေညွတ်၊ တီတီတွတ်၊ ပြွတ်နှင့် ရီရောပင်"ဟု ကဝိလက္ခဏာသတ်ပုံကျမ်းတွင် စာဖွဲ့ခံရသောငှက်မျိုးဖြစ်၏။ နွေရာသီတွင် ဥဥခြင်း၊ သားပေါက်ခြင်းဖြင့် အလုပ်ရှုပ်နေတတ်သည်။ ဥများကို မြေကြီးပေါ်ရှိချိုင့်ခွက်ထဲ၌ ဥထားတတ်ကြသည်။ ဥနှင့်မြေကြီးသည် တစ်သွေးတစ်ရောင်တည်းဖြစ်၍ တွေ့ရှိရန်ခဲယဉ်းသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွင်းပြင်များ၌တွေ့နိုင်သည်။ ပြင်ဦးလွင်မြို့ အနီးအနားတစ်ဝိုက်နှင့် ရှမ်းကုန်းပြင်မြင့်၌ ကျက်စားကြသည်။

**ဘုတ်**

**"ကျီး ဘုတ်ရှိသေ၊ ဘုတ် ကျီးရှိသေ"**ဟူသော စကားပုံကြားဖူးပါလိမ့်မည်။ သို့သော် ဘုတ်ငှက်ကို မြင်တွေ့ဖူးသူရှားသည်။ အလျား ၁၈ လက်မခန့်ရှိ၏။ ကိုယ်မှာ မည်းနက်ပြီး အတောင်သည် အုန်းခွံရောင်နီကြင့်ကြင့်ဖြစ်သည်။ အတောင်နှင့်အမြီးသည် ကြီး၍ပျံသန်းရာတွင် လေးပင်လှသည်။

ကဝိလက္ခဏာသတ်ပုံကျမ်း အပိုဒ် ၁၂၃၉ တွင် "ကြက်နှင့် ယုန်တုတ်ခါနှင့်ဘုတ်၊ သုတ်သုတ်ပျံလေပြီ" ဟု တွေ့ရသည်။ ဘုတ်ငှက်သည် ဖျင်းရိလေးတွဲစွာ အသံကိုမြင့်လိုက်၊ နိမ့်လိုက်နှင့် အော်တတ်၏။ သားပေါက်သည့်ရာသီတွင် အာလုတ်သံကဲ့သို့သော အသံအမျိုးမျိုးကို ကြားရတတ်သည်။

ဘုတ်ကို စိုက်ပျိုးခင်းနှင့် မြေကွက်လပ်များတွင် တွေ့ရများသည်။ ချုံထူ၍ စိုစွတ်သောနေရာများတွင် နေတတ်၏။ ရေနှင့်ဝေးဝေးမနေချေ။ ချေးပိုးထိုး၊ နံ့ကောင်၊ အိမ်မြှောင်နှင့် ကြွက်၊ မြွေများသည် ဘုတ်၏အစာဖြစ်၏။ အသိုက်ကို ချုံပုတ်၊ မြက်ဖုတ်၊ သစ်ကိုင်းခွများ၌ ပြုလုပ်သည်။ သားပေါက်ချိန်မှာ မိုးဥတုတွင်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း တွေ့ရသည်။

မြန်မာနိုင်ငံသည် ငှက်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ ၎င်းတို့ကျက်စားရာ တောများကို ထိန်းသိမ်းထားနိုင်လျှင် တိုင်းပြည်အတွက်ဂုဏ်ရှိသည်။ ငှက်များ၊ တောရိုင်းတိရစ္ဆာန်များသည် အဖိုးတန်အမွေအနှစ်များဖြစ်ကြသည်။ နောင်လာနောက်သားများအတွက် ဆက်လက်ထိန်းသိမ်းထားရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဟု ဆိုချင်ပါသည်။

ထိုအကြောင်းကို ဆရာကြီး မင်းသုဝဏ်က "ငှက်လောက"ဆောင်းပါးတွင် မြန်မာလူငယ်များကို မီးမောင်းထိုးပြခဲ့သည်။ ၁၉၆၅ ခုနှစ်ကတည်းကပင် ဆရာကြီးမင်းသုဝဏ်က ခေတ်မီအတွေးအခေါ်နှင့် မြန်မာလူငယ်များ၊ ပညာရပ်များ အစဉ်မပြတ်လေ့လာဆန်းစစ်ပြီး သုတေသနလုပ်ငန်းများ ကြိုးစားဆောင်ရွက်ကြရန် ညွှန်ပြပေးနိုင်ခဲ့ပါသတည်း။

**ကိုးကား**

- **မင်းသုဝဏ်၏ မြန်မာစာမြန်မာမှု**
- **ငှက်သဘင်(ဦးမောင်မောင်လေး)**
- **မြန်မာ့စွယ်စုံကျမ်း**
- **မြန်မာစကားပုံ(၁၉၉၁ ပညာရေးဝန်ကြီးဌာန)**
- **မြန်မာဆိုရိုးစကား(၁၉၉၆ ပညာရေးဝန်ကြီးဌာန)**
- **စာဘလ္လာ၏ မှတ်စုများ**
- **ငှက်ကမ္ဘာ(ရိုလ်မှူးကြီး လှအောင်-ငြိမ်း) (၁၉၉၁ ဒုတိယအကြိမ်)**
- **သိပ္ပံစာစဉ်၊ ငှက်(ဘာသာပြန်စာပေအသင်း) (၁၉၅၃)**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၅၅၁ ဧက စိုက်ပျိုးပြီးစီး



**ခင်ဦး ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၅၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ကြံ ၉၈၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၅၁ ဧက စိုက်ပျိုးပြီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ ကြံဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ကြံဧက ၄၅၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ ဒီဒေသမှာ ကြံစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ ကြံစိုက်ပျိုးမှုတွေ တိုးတက်လာဖို့ ဆောင်ရွက်နေတယ်။ ကြံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် ပထမခင်းသစ်စိုက်ပျိုးရာတွင်သာ ငွေကျပ် ၆၀၀၀၀၀ နှင့် ၇၀၀၀၀၀ သိန်းကြားကုန်ကျစရိတ်ရှိကြောင်း၊ ကြံ တစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း၊ ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကိုလည်း စိုက်ပျိုးကြကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ကြံ ၈၃၉၉ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# တန့်ယန်းမြို့နယ် ကွန်ကောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဇွန် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုံမုံကျေးရွာအုပ်စု ကွန်ကောက်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် ခရိုင်စာရင်းစစ်ရုံးတာဝန်ရှိသူများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကွန်ကောက်ကျေးရွာတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကောက်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စိမ့်စမ်းရေပိုက်လိုင်း အရှည် သုံးမိုင်သွယ်တန်းခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၅၈၈ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာစုဖွဲ့က ယခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၇၁ စု၊ လူ ၃၂၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် ရာသီမရွေးသောက်သုံးရေများ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

**နံ့လာ**

# မအူပင်မြို့နယ်တွင် မျှော့ဝယ်ယူမှုများပြားသဖြင့် ဈေးကောင်းရရှိလာ

**မအူပင် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မျှော့များ ဝယ်ယူမှုများပြားသဖြင့် ဈေးကောင်းရရှိလာကြောင်း မအူပင်မြို့နယ် မျှော့ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးနေထက်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဇွန်လသည် မျှော့များ စတင်ဖမ်းယူရရှိနေသည့်ကာလဖြစ်ပြီး အဆိုပါမျှော့များကို ပြည်ပဈေးကွက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် မျှော့ဝယ်ယူမှုများလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ ဈေးကောင်းရရှိလာကာ ယခင်နှစ်က မျှော့တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိသာ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

"မျှော့ရဲ့ အဓိကဈေးကွက်က တရုတ်ဈေးကွက်ပါ။ ပြည်ပဈေးကွက်တရုတ်က မျှော့ကို အကောင်ကြီးကော အကောင်သေးပါ ဝယ်ပါတယ်။ တရုတ်နိုင်ငံဘက်က အဝယ်ကုန်သည်တွေနဲ့ ချိတ်ဆက်ပြီးကတည်းက ဇွန်လ ပထမပတ်ကနေ စတင်ဝယ်ယူနေတာပါ။ ဟိုဘက်ကဝယ်လက်တွေက ရသလောက်ပြန်ဝယ်ဖို့ ကမ်းလှမ်းလာပါတယ်။ လက်ရှိ မိုးဦးကာလဆိုပေမဲ့ မျှော့က တော်တော်ရှားပါးနေတယ်။ မျှော့တွေရှားပါးလာတာကြောင့် ဈေးကောင်းပြီး အရောင်းအဝယ်ကောင်းတာပါ။ ဈေးကောင်းလာတော့ မျှော့ရှာဖွေသူတွေလဲ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် မျှော့ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးနေထက်က ပြောပြသည်။

အဆိုပါမျှော့များသည် စပါးစိုက်ခင်းများ၊ မြစ်ရိုး၊ ချောင်းရိုးနှင့် ရွှံ့ညွန်မြေကြီးအောက်တွင် ကျက်စားတတ်ပြီး မျှော့များကို ကျွဲများ၊ နွားများ၊ လူများရေထဲဆင်း၍ အကိုက်ခံပြီး ရှာဖွေကြကြောင်း၊ အဆိုပါမျှော့များရှားပါးလာခြင်းသည် စိုက်ပျိုးမြေများတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုများကြောင့် မျှော့များ ရှားလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဂွမြို့နယ် ကွင်းကြီးကမ်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဂွ ဇွန် ၂၃**

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းကြီးကမ်းနားကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက ကွင်းကြီးကမ်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ကွင်းကြီးကမ်းနားကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း ၈၂ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၉၄ သန်းထိ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**ကိုသန်း**

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**မင်းဘူး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ တောင်မန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၁၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်မန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၉ ဦးကို စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**

ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ကွန်ကာကပ်ဖလား အဖွင့်ပွဲစဉ်မှာ အမေရိကန်၊ မက္ကဆီကိုအသင်းတို့ကို အားပေးရမှာပါ



ကွန်ကာကပ်ဖလားပြိုင်ပွဲကိုတော့ ၁၉၉၁ ခုနှစ်ကစတင်ပြီး နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ မြောက်အမေရိက၊ ဗဟိုအမေရိကနဲ့ ကာရစ်ဘီယန် ကျွန်းစုနိုင်ငံအသင်းတွေ ပါဝင်ခွင့်ရတာဖြစ်ပြီး လက်ရှိ ၂၀၂၃ ခုနှစ်မှာတော့ အသင်း ၁၆ သင်းနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ ဘောလုံးအင်အားကြီးအသင်းဖြစ်တဲ့ မက္ကဆီကိုက ၁၁ ကြိမ်နဲ့ အောင်မြင်မှုအများဆုံးအသင်းဖြစ်ပြီး အမေရိကန်ကတော့ ခုနစ်ကြိမ်နဲ့ ဒုတိယမြောက် ဆုဖလားအများဆုံးရရှိထားတဲ့ အသင်းဖြစ်ပါတယ်။ လက်ရှိချန်ပီယံကတော့ အမေရိကန်ဖြစ်ပြီး အသင်း ၁၆ သင်းကို အုပ်စုလေးခုခွဲယှဉ်ပြိုင်သွားမှာဖြစ်သလို အမှတ်ပေးဇယားထိပ်ဆုံးနှစ်သင်းက နောက်တစ်ဆင့်ကိုတက်ရောက်နိုင်မှာဖြစ်ပါတယ်။ အခုနှစ်ပြိုင်ပွဲကိုတော့ အမေရိကန်နဲ့ ကနေဒါနိုင်ငံတို့က အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့ပြီး လာမဲ့ ဇွန် ၂၄ ရက်ကနေ ဇူလိုင် ၁၆ ရက်ထိကျင်းပသွားမှာဖြစ်ပါတယ်။ လာမဲ့တနင်္ဂနွေနေ့ညမှာကစားမဲ့ အဖွင့်ပွဲစဉ်မှာတော့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုသာအားပေးရမှာဖြစ်ပါတယ်။

### အမေရိကန်အသင်းအနိုင်ရမှာပါ

တနင်္ဂနွေနေ့မှာကစားမဲ့ ၂၀၂၃ ခုနှစ် ကွန်ကာကပ်ဖလားအုပ်စုပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အမေရိကန်နဲ့ ဂျမေကာအသင်းတို့ပွဲစဉ်ပွဲဖြစ်ပါတယ်။ အမေရိကန်ဟာကွန်ကပ်ဖလား အုပ်စု(A)မှာ ဂျမေကာ၊ စိန့်ကစ်နှင့်နီဗက်၊ ထရီဒက်နှင့်တိုဘာကိုအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခြေအနေကောင်းနေတာကိုတွေ့ရမှာပါ။ အမေရိကန်အသင်းဟာ လက်ရှိကမ္ဘာ့အဆင့် (၁၃)မှာ ရပ်တည်နေတဲ့အသင်းဖြစ်ပြီး သူတို့အသင်းကိုတော့ ဥရောပထိပ်သီးကလပ်တွေမှာခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်မဲ့ အခြေအနေရှိနေတာကို တွေ့ရမှာပါ။ အမေရိကန်အသင်းဟာ အခုပြိုင်ပွဲသမိုင်းမှာ ဗိုလ်လုပွဲ ၁၃ ကြိမ်တက်ရောက်ခဲ့ရာမှာ ခုနစ်ကြိမ်ထိချန်ပီယံဖြစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကစလို့ ဗိုလ်လုပွဲကိုးကြိမ်တက်ရောက်နိုင်ခဲ့တာကို သတိပြုရမှာပါ။

အမေရိကန်အသင်းဟာ နည်းပြဘာဟက်တာနဲ့ ပြန်လည်လက်တွဲခဲ့ပေမဲ့ လက်ရှိအသင်းကိုတော့ ၂၀၂၂-၂၀၂၃ နေးရှင်းလိဂ်ချန်ပီယံဖလားရယူပေးထားတဲ့ ကော်လာဟန်ကပဲ ဆက်လက်တာဝန်ယူနေတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြဟာ ဇွန် ၁၆ ရက်က ကစားခဲ့တဲ့ နေးရှင်းလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ အသင်းလိုက် ကစားအားကောင်းတဲ့ မက္ကဆီကိုအသင်းကိုသုံးဂိုးပြတ်နဲ့ အနိုင်ယူခဲ့ပြီး အဲဒီပွဲစဉ်မှာ ပူလီဆစ်က နှစ်ဂိုး၊ လူငယ်ကစားသမား ပက်ပီကတစ်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဗိုလ်လုပွဲစဉ်မှာတော့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ကနေဒါအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ သူတို့အသင်းဟာ တန်ပြန်တိုက်စစ်ကနေ ကနေဒါအသင်းကို ဖိအားပေးနိုင်ခဲ့တာကြောင့် ရစ်ချက်၊ ဘာလိုဂန်တို့ရဲ့ ပထမပိုင်းသွင်းဂိုးနဲ့ အနိုင်ရခဲ့ပြီး ဒုတိယပိုင်းမှာတော့ ခံစစ်ကစားပုံပြောင်းလဲခဲ့သလို ပြိုင်ဘက်ကိုထိန်းချုပ်နိုင်ခဲ့တာကြောင့် နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလားကိုရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။

သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာလေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းကသွင်းဂိုး ၁၄ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အထူးသဖြင့် ပြီးခဲ့တဲ့နေးရှင်းလိဂ်ဗိုလ်လုပွဲစဉ်မှာ သူတို့ သုံးယောက်အတွဲကို အထောင်တိုက်စစ်မှာ တွဲကစားခဲ့တာကြောင့် ပြိုင်ဘက် ကနေဒါခံစစ်ကြောင်းအားနည်းချက်ဖြစ်ပေါ်ခဲ့ပြီး ဦးဆောင်ဂိုးတွေပေးလိုက်ရတာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြဟာ ခံစစ်အသားပေးကစားတဲ့အသင်းဆိုရင် ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လေ့ရှိပြီး ကျန်ပွဲစဉ်တွေကိုတော့ ပုံမှန် ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအဖွင့်ပွဲစဉ်မှာတော့ ဂျမေကာအသင်းနဲ့ တွေ့ဆုံနေပေမဲ့ အိမ်ရှင်အားသာချက်ရှိသလို ပြိုင်ဘက်အသင်းကလဲ ခံစစ်အသားပေးကစားတဲ့ အသင်းမဟုတ်တာကြောင့် ၄-၂-၃-၁ ကစားကွက်အခင်းအကျင်းနဲ့သာ ပွဲထွက်လာဖို့များပါတယ်။

သူတို့နှစ်သင်း နောက်ဆုံးငါးကြိမ် တွေ့ဆုံမှုမှာ အမေရိကန်အသင်းက လေးကြိမ်နိုင် တစ်ပွဲသရေရလဒ်နဲ့အသာရခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာဖြစ်ပြီး ဂျမေကာအိမ်ကွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ ကစားသမားအစုံအလင်နဲ့ ကစားရမှာဖြစ်သလို အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲစဉ်လဲဖြစ်နေတာကြောင့် မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။

ဂျမေကာအသင်းဟာ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှာ နည်းပြဟော်ဂရင်ဆန်ကိုခန့်အပ်ခဲ့ပေမဲ့ လက်ရှိအချိန်ထိရလဒ်ကောင်းဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာ ခြေစမ်းပွဲနှစ်ကြိမ်နဲ့ ကွန်ကာကပ်နေးရှင်းလိဂ် တစ်ကြိမ်ကစားခဲ့ရာမှာ နိုင်ပွဲမရသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိကမ္ဘာ့အဆင့်(၆၃)မှာရပ်တည်နေတဲ့အသင်းဖြစ်ပေမဲ့ ကစားသမားစုဖွဲ့မှုမှာတော့ အမေရိကန်အသင်းကိုယှဉ်လို့မရတာကို တွေ့ရမှာပါ။ ဒါ့ပြင် အခုပြိုင်ပွဲမှာလဲ နှစ်ကြိမ်သာဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး နောက်ပိုင်းမှာတော့ ဆီမီးဖိုင်နယ်အဆင့်ထိသာ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

လက်ရှိသူတို့အသင်းလူစာရင်းကိုတော့ ဥရောပကလပ်အသင်းငယ်တွေမှာ ကစားနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားပြီး ဂိုးသမားများအဖြစ် အန်ဒရီဘလိတ်၊ ကလာကီ၊ ဂျာမေလီ၊ ခံစစ်ကစားသမားများအဖြစ် မာရီယာပါ၊ အမာရီဘဲလ်၊ လမ်းဘက်၊ ဂျိုးလ်၊ ဘရောင်း၊ ဘားနက်၊ ရစ်ချက်ကင်း၊ လမ်ဘီကီဆာ၊ ကွင်းလယ်ပိုင်းမှာ ဂျွန်ဆင်၊ ရက်ဆဲလ်၊ ဘရန်ဒွန်၊ ဒီလာနီ၊ တိုက်စစ်ပိုင်းမှာဘာကီ၊ နီချိုဆန်၊ ပါရစ်၊ ဒူဂျူရန်ရစ်ချက်တို့နဲ့ ပါဝင်နေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်နဲ့ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ အမေရိကန်အသင်းပဲ အနိုင်ရမှာပါ။

### အမေရိကန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂရင်နေဒါ | ၀ | - | ၇ | အမေရိကန် |
| အမေရိကန် | ၁ | - | ၀ | အယ်ဆာဗေဒိုး |
| အမေရိကန် | ၁ | - | ၁ | မက္ကဆီကို |
| အမေရိကန် | ၃ | - | ၀ | မက္ကဆီကို |
| ကနေဒါ | ၀ | - | ၂ | အမေရိကန် |

### ဂျမေကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျမေကာ | ၃ | - | ၁ | ဆူရီနမ် |
| ဂျမေကာ | ၁ | - | ၁ | မက္ကဆီကို |
| အာဂျင်တီးနား | ၃ | - | ၀ | ဂျမေကာ |
| ကင်မရွန်း | ၁ | - | ၁ | ဂျမေကာ |
| မက္ကဆီကို | ၂ | - | ၂ | ဂျမေကာ |

### မက္ကဆီကိုအသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ကွန်ကာကပ်ဖလား အုပ်စုပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ မက္ကဆီကိုအသင်းနဲ့ ဟွန်ဒူးရပ်စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ အခုပြိုင်ပွဲမှာ ဗိုလ်လုပွဲ ၁၄ ကြိမ်တက်ရောက်ခဲ့ပြီး ၁၁ ကြိမ် ချန်ပီယံဆုဖလားရရှိထားတာကြောင့် အောင်မြင်မှုအများဆုံးအသင်းအဖြစ်လဲ ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာဖြစ်ပြီး မက္ကဆီကိုအသင်းက အဝေးကွင်းကနေ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ မက္ကဆီကိုအသင်းဟာ အုပ်စု(B)မှာ ဟွန်ဒူးရပ်စ်၊ ဟေတီ၊ ကာတာအသင်းတို့နဲ့ တစ်အုပ်စုထဲကျရောက်နေတာကို တွေ့ရမှာပါ။

မက္ကဆီကိုအသင်းရဲ့ လက်ရှိကစားသမားအစုအဖွဲ့ဟာ ဥရောပကလပ်အသင်းတွေမှာကစားနေတဲ့ ကစားသမားတွေဖြစ်နေပေမဲ့ လူငယ် ကစားသမားတွေသာများနေတာကြောင့် အဓိကပြိုင်ပွဲတွေမှာ ရလဒ်ကောင်းရဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ နေးရှင်းလိဂ်ဆီမီးဖိုင်နယ်မှာ အမေရိကန်ကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သလို တတိယလုပွဲမှာလဲ ပနားမားလိုစုဖွဲ့မှုအားနည်းတဲ့ အသင်းကိုတောင် ကျဉ်းမြောင်းနဲ့ ရလဒ်နဲ့ အနိုင်ရခဲ့ပြီး တတိယနေရာရရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာတစ်ပွဲသာရှုံးခဲ့ပြီး တိုက်စစ်ပိုင်းက ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လက်ရှိနည်းပြသစ်ကတော့ အခုပွဲစဉ်မှ အသင်းကိုစတင်တာဝန်ယူမှာဖြစ်တာကြောင့် ပွဲဦးထွက်ပွဲစဉ်မှာဟွန်ဒူးရပ်စ်လို စုဖွဲ့မှုအားနည်းတဲ့အသင်းကို နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားလာမှာဖြစ်ပါတယ်။

လက်ရှိဟွန်ဒူးရပ်စ်အသင်းကလဲ နည်းပြဒီယေဂိုဘက်စကွက်ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၁ ရက်က စတင်ခန့်အပ်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာ သုံးပွဲကစားခဲ့ရာမှာတစ်ပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့ပြီး သူတို့အသင်းအနိုင်ရခဲ့တာကလဲ အယ်ဆာဗေဒိုးလိုဘောလုံးအဆင့်အတန်းနိမ့်တဲ့ အသင်းကိုဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းကိုတော့ နိုင်ငံအတွင်း ကလပ်အသင်းတွေမှာကစားနေတဲ့ ကစားသမားအများစုနဲ့ စုဖွဲ့ထားတာကြောင့် မက္ကဆီကိုလိုအသင်းကိုတော့ ပွဲချိန်ပြည့်ယှဉ်ကစားနိုင်ဖို့မလွယ်ပါဘူး။ ဒါ့ပြင် သူတို့အသင်းဟာ အခုပြိုင်ပွဲသမိုင်းမှာ ၁၉၈၁ ခုနှစ်က တစ်ကြိမ်သာချန်ပီယံဖြစ်ခဲ့ပြီး ၁၉၈၅ ခုနှစ် နဲ့ ၁၉၉၁ ခုနှစ်တွေမှာ ဗိုလ်လုပွဲတက်ရောက်ပြီး နောက်ပိုင်းအောင်မြင်မှုမရတော့တာကို သတိပြုရမှာပါ။ ဟွန်ဒူးရပ်စ်အသင်းဟာမက္ကဆီကိုအသင်းနဲ့ယှဉ်ရင် နည်းစနစ်ပိုင်းကော စုဖွဲ့မှုအပိုင်းမှာပါ အားနည်းနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာမရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် လူငယ်ကစားသမားအစုအဖွဲ့နဲ့ အဖွင့်ပွဲစဉ်မှာ တိုက်စစ်မြင့်ကစားလာမဲ့ မက္ကဆီကိုနဲ့ပဲ လက်တွဲရမှာပါ။

### မက္ကဆီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၁ | - | ၁ | မက္ကဆီကို |
| မက္ကဆီကို | ၂ | - | ၀ | ဂွါတီမာလာ |
| မက္ကဆီကို | ၂ | - | ၂ | ကင်မရွန်း |
| အမေရိကန် | ၃ | - | ၀ | မက္ကဆီကို |
| ပနားမား | ၁ | - | ၀ | မက္ကဆီကို |

### ဟွန်ဒူးရပ်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂွါတီမာလာ | ၁ | - | ၂ | ဟွန်ဒူးရပ်စ် |
| ကာတာ | ၁ | - | ၀ | ဟွန်ဒူးရပ်စ် |
| အယ်ဆာဗေဒိုး | ၀ | - | ၁ | ဟွန်ဒူးရပ်စ် |
| ကနေဒါ | ၄ | - | ၁ | ဟွန်ဒူးရပ်စ် |
| ဟွန်ဒူးရပ်စ် | ၀ | - | ၁ | ဗင်နီဇွဲလား |

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့် လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံး ထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန် အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(၁၁)၊ Grade-7 မှ မယွန်းနဒီမိုး ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် အရ ဦးသိန်းမင်းအောင် ဖြစ်ပါကြောင်း။

**ဦးသိန်းမင်းအောင်(၁၄/ကခန(နိုင်)၀၈၅၄၅၆)**

### ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ မြို့မရပ်ကွက်၊ လင်းဖင်းလမ်းနေ ဇာနည်ထူး (ဘ) ဦးဇော်ဇော် (၉/မထလ(နိုင်)၃၄၂၅၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-592292) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၈၅၇၁၅၂၀၅၅**

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကသဲ၊ ဒန့်တကူးတောင် နေ မလက်ချိမ်း (ဘ) ဦးတိုပ်ဇဟာဒူး (၉/မကန(နိုင်)၁၅၄၂၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-279431) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၄၀၆၇၆၄၅၄**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




### စွယ်တော်ကားကွင်းတွင် အောက်ပါဝန်ထမ်းအလိုရှိသည်

* **တရုတ်စကားပြန်** (၂)ဦး
- တရုတ်စကားပြော၊ အရေးအပြော ကျွမ်းကျင်သူဖြစ်ရမည်။
- စာရင်းပိုင်းနိုင်ရမည်၊ မှတ်ပုံတင်ရှိရမည်။
- အခြေခံလစာ (1500000)

ဆက်သွယ်ရန် 09-886999995

* **ငွေခံစာရေးမ** (၁)ဦး
- ၁၀ တန်းအောင်မြင်သူဖြစ်ရမည်။ မှတ်ပုံတင်မူရင်းရှိရမည်။
- အခြေခံလစာ (180000) ,ရက်မှန်ကြေး (20000)

* **စာရေးမ** (၂)ဦး
- ၁၀ တန်းအောင်မြင်သူဖြစ်ရမည်။ မှတ်ပုံတင်မူရင်းရှိရမည်။
- အခြေခံလစာ (160000) ,ရက်မှန်ကြေး (20000)

ဆက်သွယ်ရန် 09-750114426

### Wild Man BBQ မှ ဝန်ထမ်းအလိုရှိသည်

(1) မန်နေဂျာ ကျား (၂)ဦး
(2) စာရေးမ မ (၂)ဦး (နေစားငြိမ်း/မငြိမ်း)
(3) ဝိတ်တာ ကျား/မ (၆)ဦး (နေစားငြိမ်း/မငြိမ်း)
(4) အထွေထွေလုပ်သား (၄)ဦး

လစာ/ညှိနှိုင်း

ဆက်သွယ်ရန် 09-400537888

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကုန်းနီ အ. မ. က Grade-3 တွင် ပညာသင်ကြားနေသော မနှင်းနုဝေ အား မနှင်းထက်သူဇာ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနှင်းထက်သူဇာ**

## ယခုဘဏ္ဍာနှစ်အတွင်း အလှကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးအစား ၄၃၃၀ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးမည်



**နေပြည်တော် ဇွန် ၂၃**

ယခုဘဏ္ဍာနှစ်အတွင်း တရားဝင်မှတ်ပုံတင်ဆောင်ရွက်ကာ တစ်နိုင်ငံတစ်ပိုင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးသည့် အလှကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ၄၃၃၀ ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန သတင်းများအရ သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဘေးဥပဒ်ကင်းရေးအတွက် သုတေသနဓာတ်ခွဲခန်းများ တည်ထောင်စမ်းသပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေမှုများအရ ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၌ တရားဝင်မှတ်ပုံတင်ကာ တစ်နိုင်ငံတစ်ပိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည့် စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အလှကုန်ပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ တရားဝင်မှတ်ပုံတင်ထားသည့် ပစ္စည်းအမျိုးအစားများတွင် စားသောက်ကုန်ပစ္စည်း အမျိုးအစား ၃၃၆၅ ခု၊ လူသုံးကုန်ပစ္စည်းအမျိုးအစား အခု ၈၅၀ နှင့် အလှကုန်ပစ္စည်းအမျိုးအစား ၁၁၅ ခု စုစုပေါင်း အမျိုးအစား ၄၃၃၀ ရှိနေကြောင်း၊ ထိုသို့ဓာတ်ခွဲစမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးရာ၌ အဆိုပါထုတ်ကုန်များတွင် ပါဝင်ထားသည့် ဓာတုပစ္စည်းများ အသုံးပြုမှုအခြေအနေ၊ အစိုဓာတ်အခြေအနေ၊ အဏုဇီဝပိုးနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သော ဖြစ်စဉ်ပါဝင်မှုအခြေအနေများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။ SKL

## ဆင်မတောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းလှ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆင်မတောင်ကျေးရွာအုပ်စု ဆင်မတောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒီကျော်က စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဆင်မတောင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏လုပ်အားငွေအားထည့်ဝင်မှုဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး**







## အမည်မှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မြကံသာကျေးရွာနေ ဦးတင်ဇာမင်း-ဒေါ်မာပို တို့၏သား မောင်ဟန်ဇင်မြင့်၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မောင်ဟန်ဇင်လတ် (၉/ပသက(နိုင်)၁၆၅၆၆၄) ဖြစ်ပါကြောင်း။ **မောင်ဟန်ဇင်လတ်(၉/ပသက(နိုင်)၁၆၅၆၆၄)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မြကံသာကျေးရွာနေ မောင်ဟန်ဇင်လတ်(၉/ပသက(နိုင်)၁၆၅၆၆၄)၏ဖခင်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်အိမ်ထောင်စုလူဦးရေစာရင်းပါ ဦးတင်ဇာမင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးတေဇမင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ဇာမင်း(ခ)ဦးတေဇမင်း(၉/ပသက(နိုင်)၁၂၂၃၉၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမက-ကတတ္တုန်းကျောင်းတွင် ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်ဇင်ဇင်လှိုင် ၏ဖခင်အမည်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့်အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးကံချွန် နှင့် တက္ကသိုလ်ဝင်အောင်လက်မှတ်တွင်ပါရှိသော ဦးတွတ် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကံချွန်(ခ)ဦးတွတ်(၉/ကဆန(နိုင်)၀၆၇၅၄၇)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက- ဟန်မြင့်မိုရ်ကျောင်းမှ G-2 တန်းတွင် ပညာသင်ကြားနေသော အဘ ဦးကိုကိုချစ် ၏သမီးဖြစ်သူ မအင်ကြင်းသရဖူကို အမည်အစား အမည်မှန် မအဥ္ဆလီကိုကို ဟု ပြောင်းလဲခေါ်ပါရန်။

**မအဥ္ဆလီကိုကို**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက- ဟန်မြင့်မိုရ်ကျောင်းမှ G-3 တန်းတွင် ပညာသင်ယူနေသော အဘ ဦးကျော်စွာဝင်း ၏သမီးဖြစ်သူ မအိမ့်မှူးဝတီ အမည်အစား အမည်မှန် မအိခေတ်ခေတ်သွယ် ဟု ပြောင်းလဲခေါ်ပါရန်။

**မအိခေတ်ခေတ်သွယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ကျောက်ဆောက်ကုန်းကျောင်းတွင် လက်ထောက် မူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်လှလှမိုး ၏ဖခင်အမည်မှာ အမှုထမ်းစာအုပ်နှင့်တက္ကသိုလ်ဝင်အောင် လက်မှတ်တွင်ပါရှိသော ဦးမြင့်သန်းနှင့်နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဦးခင်မောင်မြင့် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်သန်း(ခ)ဦးခင်မောင်မြင့်(၉/တတဥ(နိုင်)၀၂၁၉၄၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အလက-ရှမ်းတောင်ဦးကျောင်းမှ G-3 တန်းတွင် ပညာသင်ကြားနေသော မောင်စိန်စီဖြိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကြိုင် ဖြစ်ပါကြောင်း။ **ဦးကြိုင်(၉/ကဆန(နိုင်)၁၁၀၁၁၆)**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အလက-ရှမ်းတောင်ဦးကျောင်းမှ G-3 တန်းတွင် ပညာသင်ကြားနေသော မအိယမုံထွန်း ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းဝင်း နှင့် ဒေါ်ဝင်းမိုးဦး ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်း (၉/ကဆန(နိုင်)၁၁၀၁၁၇)**

**ဒေါ်ဝင်းမိုးဦး(၉/ကဆန(နိုင်)၁၆၂၆၈၈)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမက-ရန်ပုံနှစ်တွင် လက်ထောက်မူလတန်းပြ ဒေါ်ခင်နီလာဆွေ ၏ဖခင်အမည်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးထွန်းဝင်း နှင့် တက္ကသိုလ်ဝင်အောင်လက်မှတ်တွင်ပါရှိသော ဦးထွန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်း(ခ)ဦးထွန်းဝင်း (၉/ကဆန(နိုင်)၀၄၀၃၉၈)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်၊ အမှတ်(၂)ရပ်ကွက်နေ ကျွန်တော် ဦးချစ်မြတ်တိုး-ဒေါ်နွယ်နီလှသူ တို့၏သမီးဖြစ်သူ **မစုဝတ်ရည်အောင်(၉/ခမစ(နိုင်)၀၄၈၈၀၈)** သည် မိဘဆုံးမစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးချစ်မြတ်တိုး-ဒေါ်နွယ်နီလှသူ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဗိုလ်တဲကျေးရွာနေ (ဦးဇော်မင်း)(၅/ဝလန(နိုင်)၀၉၅၂၀၈)နှင့် ဒေါ်နွဲ့ယဉ် (၅/ဝလန(နိုင်)၀၃၆၁၇၄) တို့၏သားကြီးဖြစ်သူ **မောင်နေရဲလင်း(၅/ဝလန(နိုင်)၁၅၉၇၈၅)** သည် မိဘနှစ်ပါးတို့၏ ဆိုဆုံးမခြင်းကို မနာခံသောကြောင့် (၂၃-၆-၂၀၂၃)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်နေရဲလင်း နှင့်ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်တော်၊ကျွန်မတို့အနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**မိခင်-ဒေါ်နွဲ့ယဉ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်းမှ G-10တန်းတွင် ပညာသင်ကြားနေသော မောင်အောင်ကောင်းမြတ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြတ်စိုး ဖြစ်ပါကြောင်း။

**ဦးမြတ်စိုး**

**(၉/ကပတ(နိုင်)၁၄၂၁၆၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၃)ကျောင်းမှ G-12တန်းတွင် ပညာသင်ယူနေသော မနှင်းဝတ်ရည်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုး ဖြစ်ပါကြောင်း။

**ဦးမျိုး**

**(၉/ကဆန(နိုင်)၁၂၅၇၄၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမက-ဖိုကုန်းကျောင်းတွင် ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင်နေသော ဦးပြည့်ဖြိုးဆွေ ၏ဖခင်အမည်မှာ အမှုထမ်းစာအုပ်နှင့်တက္ကသိုလ်ဝင်အောင်လက်မှတ်တွင်ပါရှိသော ဦးတောဘို နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဦးလှမော် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတောဘို(ခ)ဦးလှမော် (၉/မခန(နိုင်)၀၅၅၃၁၁)**

### ပျောက်ဆုံးကြောင်း

ကလေးမြို့နယ်နေ မောင်လားဇမိန်း (ဘ)ဦးထန်ခေလှခွမ်း (၈/ကလန(နိုင်)၂၄၆၁၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-[illegible]59976)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၈၀၁၁၄၉၈၀၁

သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ်ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ်" ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၀


သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ - ၁၉

ပင်လယ်ရေကြောင်းဆိုင်ရာ ပူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်းပါး

စာမျက်နှာ - ၂၁

# မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၉)တွင် မြဝတီအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



မြဝတီအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၂၃**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန် ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၃ မိနစ်တွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၄ မိနစ်တွင် သက်ဝေမိုးက မြဝတီအက်ဖ်စီအသင်းအတွက် **စာမျက်နှာ ၂၃ ကော်လံ ၁** ❖

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉